ကြေးမုံ
The Mirror Daily
၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 24 September 2020 ၁၀၁၄၅

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**ဆောင်ရွက်ပေး**

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှုမှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေး



နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ စနစ်တကျကာကွယ်ထိန်းချုပ်နိုင်စေရေးအတွက် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ညနေပိုင်းက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်နှင့် ဝန်ထမ်းများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

Stay at Home ကို တိတိကျကျနဲ့ အကျိုးရှိရှိ ဖြစ်အောင် အားလုံးဝိုင်းဝန်းပြီး အကောင်အထည်ဖော်ကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ် . . .
စာမျက်နှာ » ၆

တရုတ်နှင့် အမေရိကန်တို့ အားပြိုင်မှု၏ လွှမ်းမိုးမှုအောက်သို့ ကမ္ဘာကြီးမကျရောက်သင့်ဟု မက်ခရွန်ပြောကြား
စာမျက်နှာ » ၁၂

ပိုမိုသုံးရလွယ်ကူပြီး သတင်းသိပိုင်ခွင့်ကို ထိထိရောက်ရောက်ကူညီပေးနိုင်တဲ့ အွန်လိုင်းပေါ်က MOI
စာမျက်နှာ » ၂၄



# အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

# ကမ္ဘောဇဘဏ်က မိတ္ထီလာမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

မိတ္ထီလာ စက်တင်ဘာ ၂၃

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀) သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံကြီး အထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ဝင်းနှင့် မိတ္ထီလာဘဏ်ခွဲ ငါးခုတို့မှ မန်နေဂျာများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ ဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်အိတ် ၃၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၃၀၀၊ မျက်မှန် ၃၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ပြည်သူ့ဆေးရုံကြီး အထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကျော်



# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၂၂၅ | ၂,၂၅၀,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၁,၇၃၄ | ၆,၃၂၉,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၅၃ | ၄၂၉,၃၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁,၆၇၆ | ၃၇,၇၁၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၉ | ၂၄,၇၅၀ |
| EFR | ၃,၀၅၀ | ၃,၀၀၀ | ၃၂ | ၉၆,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၃

**ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ — မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၅/၄၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၅/၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၅/၄၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၂.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃.၂၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၆၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၅.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၈၅၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၅.၅၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၁.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ကြေးမုံ

## စည်းကမ်းလိုက်နာရမည့် ရက်သတ္တနှစ်ပတ်

ရန်ကုန်တိုင်းဒေသကြီးအတွက် ထုတ်ပြန်ကြေညာခဲ့သော နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်ကို ပြည်သူများလိုက်နာကြ၏။ ကား၊ လူသွားလာမှုများကျဲပါးသွား၏။ မဖြစ်မနေအပြင်ထွက်ရမည့်သူများ၊ ဝန်ထမ်းများကလည်း ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာခြင်းတို့ကို လုပ်ဆောင်နေကြ၏။ သို့သော်လည်း ကူးစက်မှုများက လျော့မသွားသည့်အတွက် အားမလိုအားမရဖြစ်ကြ၏။ အမှန်တကယ်တော့ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုမှာ အနည်းဆုံး ရက်သတ္တနှစ်ပတ်ကြာမှသာလျှင် သိသာထင်ရှားသောအကျိုးရလဒ် ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အားမလျှော့ဘဲ စည်းကမ်းချက်များကို လေးစားလိုက်နာရန် မေတ္တာရပ်ခံနေရခြင်းဖြစ်သည်။

နေအိမ်တွင် နေထိုင်ရေးအစီအစဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှေ့တန်းမျက်နှာစာမှ ပါဝင်ဆောင်ရွက်လျက်ရှိသော ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးကလည်း "ကိုဗစ်ရောဂါကာကွယ်ရေးကို တစ်ဦးတစ်ယောက်မှ ဖောက်ဖျက်လို့မဖြစ်ပါဘူး၊ ဖောက်ဖျက်လိုက်တာနဲ့ ဒီရောဂါကူးစက်မှုကွင်းဆက်က ကျိုးပေါက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး ဒီနေရာမှာ တစ်ဦးတစ်ယောက်မကျန် ရောဂါကာကွယ်ရေးဆိုင်ရာစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ဖို့အတွက် အထူးအရေးကြီးပါတယ်။ ဒီဟာကို နှစ်ပတ်အတွင်းမှာ အသေအချာ သည်းခံခွင့်လွှတ်လိုက်နာဖို့ သိပ်ပြီးအရေးကြီးပါတယ်။ လိုက်နာကြပါလို့လည်း ကျွန်တော့်အနေနဲ့တိုက်တွန်းပါတယ်"ဟု နှိုးဆော်ထားသည်။

အဓိကအားဖြင့် ရောဂါပိုး၏သဘောသဘာဝအရ ရက်သတ္တနှစ်ပတ်ကျော်လျှင် ကူးစက်နိုင်ခြေမရှိတော့ကြောင်း နောက်ဆုံးလေ့လာတွေ့ရှိချက်များကဆိုထားရာ လူတစ်ယောက်အနေဖြင့် ရက်သတ္တနှစ်ပတ်တာအချိန်အတွင်း အခြားသူများနှင့် ထိတွေ့မှု အနည်းဆုံး၊ ထိတွေ့ရာတွင်လည်း ပါးစပ်နှင့်နှာခေါင်းစည်းတပ်ခြင်း၊ ခပ်ခွာခွာနေထိုင်ခြင်း၊ မျက်နှာအကာအကွယ် တပ်ဆင်ထားခြင်း စသည့်စည်းကမ်းချက်များကို လိုက်နာပါက ကူးစက်နိုင်ခြေအနည်းဆုံးဖြင့် ကာကွယ်ထားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်၊ ရုံးဝန်ထမ်းများထက်ဝက်အင်အားဖြင့် ရက်သတ္တနှစ်ပတ်ရုံးတက်ပြီး နှစ်ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်သည့်စနစ်၊ အထည်ချုပ်စက်ရုံကဲ့သို့လုပ်ငန်းများကို စက်တင်ဘာလ ၂၄ ရက်နေ့မှစ၍ ရက်သတ္တနှစ်ပတ်နားစေခြင်း စသည့် နည်းလမ်းများဖြင့် ကူးစက်မှုကွင်းဆက်ကိုဖြတ်နိုင်အောင် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုအခြေအနေတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများအား ရောဂါကူးစက်မှုမဖြစ်စေရေးနှင့် လူနာများအသက်သေဆုံးမှုမရှိစေရေး၊ အသွားအလာကန့်သတ်စောင့်ကြည့်သည့်နေရာ(Quarantine Center)များပိုမိုရရှိရေးနှင့် စနစ်တကျပီပြင်စွာ စီမံခန့်ခွဲမှုရရှိနိုင်ရေး၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ဆက်စပ်မှုရှိခဲ့သူများကို စုံစမ်းရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်က ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကြောင့် မိမိတို့ပြည်သူများ အသွားအလာကန့်သတ်မှုများဖြင့် နေထိုင်ရချိန်တွင် တစ်ဖက်တွင်လည်း စားဝတ်နေရေး၊ စီးပွားရေးအခက်အခဲများကြုံတွေ့ရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနေသလို ဝန်ဆောင်မှုများအတွက် ထမ်းဆောင်ရသောအခွန်အခများကိုလည်း ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ စီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် ရန်ပုံငွေကျပ် ဘီလီယံ ၁၀၀၀ မတည်ကာ စီးပွားရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်မှုများက လျော့ကျမသွားသေးဘဲ တချို့နိုင်ငံများတွင် တိုး၍သာများနေသည်။ နိုင်ငံအလိုက် မိမိတို့နိုင်ငံနှင့်သင့်တော်မည့် ကာကွယ်၊ ထိန်းချုပ်ရေးနည်းလမ်းများ ချမှတ်ကာဆောင်ရွက်နေကြသည်။ မိမိတို့နိုင်ငံတွင်လည်း ပြောင်းလဲလာသည့်အခြေအနေပေါ်မူတည်ပြီး ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ရက်သတ္တနှစ်ပတ်အတွင်း ကူးစက်မှုကွင်းဆက်ကို ဖြတ်နိုင်အောင်ဆောင်ရွက်နေသည်။ စည်းကမ်းသတ်မှတ်ချက် များကို လေးလေးစားစားလိုက်နာပြီး ထိုရက်သတ္တနှစ်ပတ်ကို ကျော်ဖြတ်နိုင်ရန်အတွက် "အိမ်မှာပဲနေပါ၊ မဖြစ်မနေအပြင်ထွက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ပါ" ဟူ၍သာ ထပ်မံတိုက်တွန်းလိုက်ရပါသည်။ ။

# ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာနတို့ အွန်လိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာနတို့ အွန်လိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးခန်းမတို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန၏ ဝန်ကြီး မစ္စတာဝှမ်ခွင်းမင်၊ ဒုတိယဝန်ကြီး နိုင်ငံတော်ရုပ်ရှင်ဗျူရို ဥက္ကဋ္ဌ မစ္စတာ ဟွမ်ချောင်ဝေ့၊ ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကျန်းရို၊ နိုင်ငံတော်အသံလွှင့်ဌာနနှင့် ရုပ်မြင်သံကြားဗျူရိုမှ ဒုတိယဝန်ကြီး မစ္စမုံ့ဒုံးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးကြည်စိုးထွန်း၊ ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် တာဝန်ရှိသူများလည်း ရန်ကုန်မြို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

### လွှဲပြောင်းပေးအပ်

ရှေးဦးစွာ မြန်မာ့ရုပ်ရှင် “ငဘ” ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ ပြန်ကြားရေးဌာန ဒုတိယဝန်ကြီး နိုင်ငံတော်ရုပ်ရှင်ဗျူရိုဥက္ကဋ္ဌ မစ္စတာ ဟွမ်ချောင်ဝေ့က “ငဘ”ရုပ်ရှင်ဇာတ်ကားကို တရုတ်ရုပ်ရှင်မော်ကွန်းတိုက်ပညာရှင်များက ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ပြီး မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးနှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ကြောင်း ပြောကြားပြီး ရုပ်ရှင်ဇာတ်ကားကို လွှဲပြောင်းပေးအပ်သည်။

### အထူးကျေးဇူးတင်ရှိ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် “ငဘ” ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အကယ်ဒမီ ဦးချစ်ခင်က ၁၉၆၁ ခုနှစ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာစာရေးဆရာကြီး မောင်ထင်၏ “ငဘ”ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး မြန်မာ့ကျေးလက်မှ တောင်သူလယ်သမားများ၏ဘဝကို သရုပ်ဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ နှိပ်စက်ခံကျေးလက်ပြည်သူများ၏ ဘဝကို သရုပ်ဖော်ထားသလို နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး စိတ်ဓာတ်များ၊ လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားကြပုံများကို ထင်ဟပ်ဖော်ပြသည့်အတွက် ရည်ရွယ်ချက်ကောင်းသော မြန်မာဝတ္ထုတစ်ပုဒ်နှင့် မြန်မာဇာတ်ကားတစ်ကား ဖြစ်ကြောင်း၊ ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယခင်ဖလင်စနစ်မှ DCP စနစ်သို့ ကူးပြောင်းထားသည့် “ငဘ”ရုပ်ရှင်ဇာတ်ကားကို မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်ပွဲတော်အမီ လွှဲပြောင်းပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းအစည်းအဝေးကို ကျင်းပရာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန၏ ဝန်ကြီး မစ္စတာ ဝှမ်ခွင်းမင်က ယနေ့ကျင်းပသည့် အွန်လိုင်းအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက် ရလဒ်များကို အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း၊ ယခုလို အစည်းအဝေးကျင်းပခြင်းဖြင့် နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ ဖလှယ်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးသည် တစ်ဆင့်တက် မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီခဲ့သည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးလည်း တစ်ဆင့်တက် မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုနှစ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်နှစ်လည်း ဖြစ်သည့်အတွက် နှစ်နိုင်ငံ နယ်ပယ်ကဏ္ဍအသီးသီးတွင်ပူးပေါင်းဆောင်ရွက်ရေး၊ ကိုဗစ်အလွန်ကာလတွင် စီးပွားရေး ပြန်လည်နာလန်ထူရေး၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် အပြန်အလှန် အထောက်အကူပေးရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တရုတ်နိုင်ငံ ဖူကျင့်ပြည်နယ်မှ ရွှေကြက်ရာပန်း ရုပ်ရှင်ပွဲတော်နှင့် ယူနန်ပြည်နယ် လန်မေ့ နိုင်ငံတကာရုပ်ရှင်ရက်သတ္တပတ်ပွဲတော်တို့တွင် မြန်မာရုပ်ရှင်သမားများ ပါဝင်တက်ရောက်ပြီး မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ချက်အရ တရုတ်ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများ ပူးပေါင်းပြီး ရုပ်ရှင်ပူးတွဲရိုက်ကူးထုတ်လုပ်ရန်နှင့် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုကြီးတစ်ခု တည်ဆောက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ရေဒီယိုနှင့် ရုပ်သံလုပ်ငန်းနယ်ပယ်တွင်လည်း မြန်မာနိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီများနှင့် တရုတ်နိုင်ငံမှ ရုပ်သံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု စတင်နေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံ CRI ရေဒီယို မြန်မာပိုင်းအစီအစဉ်တွင် မြန်မာဝန်ထမ်းများ အလှည့်ကျ သွားရောက်တာဝန်ထမ်းဆောင်နေကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန (GXBS) နှင့်လည်း အသံလွှင့်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို ၂၀၁၃ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုနောက်ပိုင်းနှစ်များအတွင်း အစီအစဉ်တော်တော်များများ ပူးတွဲဆောင်ရွက်ခဲ့ရာတွင် တရုတ်ဇာတ်လမ်းတွဲကြီးများကို မြန်မာဘာသာဖြင့် အသံထပ်ပြီး ပြသနိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာ့အသံအနေဖြင့် ယူနန်ရုပ်သံဌာနနှင့်လည်း ၂၀၁၃ ခုနှစ်ကတည်းက ပူးတွဲရိုက်ကူးထုတ်လုပ်ရေးများ ဆောင်ရွက်ခဲ့ကြောင်း၊ သတင်းမီဒီယာ ကဏ္ဍနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ် (နိုင်ငံခြား) နှင့် ဆင်ဟွာသတင်းဌာနတို့သည် ၁၉၆၃ ခုနှစ်ကတည်းက သတင်းဖလှယ်ရေးစာချုပ် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ယခင်စာချုပ်ပါ အချက်အလက်အချို့ကို ဆီလျော်အောင်ပြင်ဆင်၍ လက်မှတ်ရေးထိုးခဲ့ကြောင်း။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ လတ်တလောတွင် တရုတ်နိုင်ငံ နိုင်ငံတော်သတင်းစာနှင့် ထုတ်ဝေရေးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန တို့အကြား တရုတ် - မြန်မာ ဂန္ထဝင်စာပေများ အပြန်အလှန် ဘာသာပြန်ဆို ထုတ်ဝေရေးအတွက် MoU တစ်ခု လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ ကွမ်ရှီးကျွမ့်ဒေသနှင့်လည်း စာအုပ်ထုတ်ဝေရေး အစီအစဉ်တစ်ခု အစပြုနေကြောင်း၊ ယင်းမှာ တရုတ် - အရှေ့တောင်အာရှ ဖားစည်လေ့လာချက် (မြန်မာကဏ္ဍ) စာအုပ်ကို မြန်မာဘာသာပြန်ဆိုထုတ်ဝေရန် ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကွမ်ရှီးပြည်သူ့ပုံနှိပ်တိုက်တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ ရလဒ်ထွက်ပေါ်လာမည်ဟု မျှော်လင့်ကြောင်း။

မကြာမီနှစ်များအတွင်း မြန်မာနိုင်ငံ၌ တရုတ်နိုင်ငံမှ စာအုပ်များ ထုတ်ဝေဖြန့်ချိရာတွင် အထူးခြားဆုံး တစ်ခုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ “တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှု” စာအုပ်အပိုင်း (၁) ကို မိတ်ဆက်ဖြန့်ချိခြင်းဖြစ်ကြောင်း၊ ယင်းစာအုပ် ဒုတိယတွဲကိုလည်း အခြေအနေသင့်မြတ်သည့်အခါ ဆက်လက်ဖြန့်ချိနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

### သဘောတူဆုံးဖြတ်

အစည်းအဝေးတွင် ကိုဗစ် အလွန်ကာလ၌ နှစ်ဖက်သဘောတူညီချက်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရုတ်နိုင်ငံတွင် သိမ်းဆည်းထားသည့် ရုပ်ရှင်နှင့် သတင်းမှတ်တမ်းများ လွှဲပြောင်းပေးနိုင်ရေး၊ မီဒီယာကဏ္ဍတွင် New Media နှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ မျှဝေခြင်းများဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

**❖ မလေးရှားမှ**

မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံး အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံမှ ယနေ့ထိ ကယ်ဆယ်ရေးလေယာဉ် ၁၅ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ရှေ့ဖုံးမှ**

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို ရွှေကြာပင်ရပ်ကွက်၊ သပြေကုန်းရပ်ကွက်နှင့် ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာများအတွင်းရှိ ပြည်သူများအား အသံချဲ့စက်များဖြင့် လှည့်လည် အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးဆိုင်ရာ ကျန်းမာရေးသတိပေးချက်များ အသံသွင်းထားသော အသံဖိုင်များဖွင့်လှစ်၍ လှည့်လည် ကြေညာပေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက် ညတွင် ပွဲစဉ် ၈ အဖြစ် AURORA တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် မြန်မာပြည်သိန်းတန်၊ ဂျေမောင်မောင်၊ တူးတူး၊ အက်စ်ကဲနက်၊ ဟေမာနေဝင်း၊ ယုဇန၊ ရတနာမိုင်၊ ချယ်ရီသင်းတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါ တင်ဆက်ခဲ့မှုကို စက်တင်ဘာ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်တိုင်းဒေသကြီး၌ Ration စနစ်ဖြင့် အခြေခံစားကုန်များ ဖြန့်ဖြူးပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း Ration စနစ်ဖြင့် အခြေခံစားကုန်များ ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရန်ကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**ရိက္ခာဖြန့်ဝေနိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိက္ခာဖြန့်ဝေရန်လိုအပ်ပါက ဖြန့်ဝေပေးရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ညွှန်ကြားချက်ရှိ၍ လည်းကောင်း၊ ကိုဗစ်-၁၉ ဒုတိယလှိုင်းသည် ရန်ကုန်တိုင်းဒေသကြီးတွင် ပိုမိုကြုံတွေ့ခံစားနေရ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်သည့် ကန့်သတ်မှုများ ပြုလုပ်နေ၍လည်းကောင်း၊ အဆိုပါတိုင်းဒေသကြီးရှိပြည်သူများသို့ ရိက္ခာဖြန့်ဝေနိုင်ရေးအတွက် ရိက္ခာဝယ်ယူ စုဆောင်းရေးနှင့် ဖြန့်ဖြူးမည့်အစီအစဉ်များကို ညှိနှိုင်း ဆွေးနွေးကြစေလိုပါကြောင်း၊ အစည်းအဝေး၏ အဓိက ရည်ရွယ်ချက်မှာ ဖြန့်ဝေမည့်ရိက္ခာများ အလွယ်တကူရရှိရေးနှင့် ရိက္ခာဖြန့်ဝေမှုကြောင့် လူစုလူဝေးမဖြစ်စေရန် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုအပေါ် ကာကွယ်၊ ထိန်းသိမ်း၊ ကုသမှုပြုနေကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**ရိက္ခာအခြောက်သာမက ရိက္ခာအစိုများဖြန့်ဖြူး**

ဆက်လက်၍ ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ပထမလှိုင်းကာလ၌ ရိက္ခာဖြန့်ဝေမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု များပြားနေခြင်းကြောင့် လူအများစိုးရိမ်ကြောင့်ကြမှုဖြစ်နေကြောင်း၊ လိုအပ်၍ ရန်ကုန်တွင် ပြည်သူများအား မိမိနေအိမ်တွင်သာ နေထိုင်စေမည့်အမိန့် ထပ်မံထုတ်ပြန်ရမည်ဆိုပါက မိသားစုများအတွက် နှစ်ပတ်စာခန့် စားသောက်နိုင်သည့် ရိက္ခာဖြန့်ဖြူးပေးနိုင်ရေး ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ရိက္ခာခြောက်သာမက ရိက္ခာအစိုများ ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အရေးပေါ်ရိက္ခာစုဆောင်းမှုကို အတိုင်းအတာတစ်ခုအထိ စုဆောင်းပြီးဖြစ်ရာ ထပ်မံစုဆောင်းရန်လိုအပ်သည်များ ဖြန့်ဖြူးပေးရေးအစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ တာဝန်ရှိသူများက ကုန်စည်စီးဆင်းမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၀ )ကြိမ်မြောက် အစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၃**

ခရီးသွားလုပ်ငန်းကော်မတီ(၃/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်၊ ကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Luxembourg Development Cooperation Agency)မှ ကျွမ်းကျင်ပညာရှင်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

**မူဝါဒနှင့် လုပ်ငန်းစဉ်**

အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဒုတိယသမ္မတ(၂) ဦးဆောင်သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ပေါ်လာအောင် ခရီးသွားလုပ်ငန်းကော်မတီက ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး တက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ခရီးသွားလုပ်ငန်းကို ပြန်လည်ထူထောင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် UNWTO၊ PATA စသည့် နိုင်ငံတကာခရီးသွားလုပ်ငန်းအဖွဲ့အစည်းများက ထုတ်ပြန်သည့် လမ်းညွှန်ချက်များနှင့် ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး ဆွေးနွေးပွဲများ၊ ဒေသတွင်း အဖွဲ့အစည်းများဖြစ်သည့် ASEAN နှင့် GMS အဖွဲ့များက ပြုလုပ်သည့် အစည်းအဝေးနှင့် ကွန်ဖရင့်များတွင် ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီမည့် အချက်အလက်များကို စုစည်းကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် ကုစားရေးအစီအစဉ်(COVID-19 Myanmar Tourism Relief Plan) ကို CERP နောက်ဆက်တွဲအဖြစ် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များနှင့် ပူးပေါင်းရေးဆွဲအတည်ပြုပြီး Survival၊ Reopening နှင့် Relaunching ဆိုသည့် အဆင့်(၃)ဆင့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။ CERP ၏နောက်ဆက်တွဲဖြစ်သည့် COVID-19 Myanmar Tourism Relief Plan ၏ Review ကို ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များနှင့် ပူးပေါင်းရေးဆွဲပြီးဖြစ်ပြီး ယနေ့အစည်းအဝေးတွင် အတည်ပြုသွားရန် ရှိပါကြောင်း။

**စီမံဆောင်ရွက်**

ခရီးစဉ်ဒေသများကို အနီးကပ် စနစ်တကျစီမံခန့်ခွဲနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ ပါဝင်သည့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO) များကို ခရိုင်နှင့် မြို့နယ်အဆင့်အထိ ခရီးသွားလုပ်ငန်း လိုအပ်ချက်အပေါ်မူတည်၍ ဖွဲ့စည်းပေးခဲ့ပြီး DMO များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း အကြံပြုသတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုင်စင်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း အားလုံးကို e-license စနစ်ဖြင့် ခွင့်ပြုပေးနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနသို့ပေးချေရမည့် ငွေပေးချေမှုအားလုံးကို အွန်လိုင်းတွင် ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၏ ဧည့်စာရင်းတိုင်ကြားမှုကို Guest List Information Management System သို့ လုံးဝပြောင်းလဲသွားရမည်ဖြစ်ပြီး ထိုကိစ္စအားလုံးသည် ကိုဗစ်-၁၉ ထိန်းသိမ်းကာကွယ်ရန် Physical contact နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် COVID-19 Economic Relief Plan (CERP)၊ ဝန်ကြီးဌာနက ပြုစုရေးဆွဲထားသည့် COVID-19 Tourism Strategic Roadmap၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ COVID-19 Tourism Recovery TA Package၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီက ချမှတ်ထားသည့် ခရီးသွားလုပ်ငန်း ဦးစားပေး အစီအစဉ်များကို ပေါင်းစပ်ပြီး Myanmar Tourism Strategic Recovery Roadmap (2021-2025)ကို Lux Dev မှ ပြည်တွင်းပြည်ပခရီးသွား ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၏ feedback များကိုလည်း တောင်းခံထားပြီး ဖြစ်ပါကြောင်း၊ ထိုလမ်းပြမြေပုံသည် ကိုဗစ်-၁၉ ကာလအလွန် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် လမ်းပြမြေပုံအတွက် ဆက်လက်ဆောင်ရွက်ရမှုများကို ဒုတိယဝန်ကြီးက ရှင်းပြပေးသွားမည်ဖြစ်ပြီး အစည်းအဝေးကို တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းပြီး အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က နိုင်ငံတော်ကချမှတ်ထားသည့် COVID-19 Economic Relief Plan (CERP)အရ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် ချေးငွေရရှိမှု အခြေအနေ၊ ကိုဗစ်-၁၉ ကာလတွင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိသည့် Myanmar Tourism Strategic Recovery Roadmap နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၀ )ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အွန်လိုင်းမှ တက်ရောက်ကြသည့် ခရီးသွားလုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကော်မတီဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်များက ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရေး၊ ခရီးစဉ်ဒေသများ စနစ်တကျရှိစေရေး၊ ခရီးသွားများ ဘေးကင်းလုံခြုံရေးနှင့် ၎င်းတို့၏သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး လူဇင်ဘတ် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (Luxembourg Development Cooperation Agency) မှ တာဝန်ရှိသူများက Myanmar Tourism Strategic Recovery Roadmap (2021-2025)ရေးဆွဲနေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုံရွာကုန်စည်ဒိုင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်

**မုံရွာ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့ကုန်စည်ဒိုင် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကာကွယ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့် ကိုက်ညီစေရန် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး(၇/၂၀၂၀)၏ဆုံးဖြတ်ချက်အရ ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်မပြုလုပ်ဘဲ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း မုံရွာမြို့ ကုန်စည်ဒိုင် သတင်းပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

ကုန်စည်ဒိုင်အတွင်း လူအများအပြား အဝင်အထွက်ဖြင့် အရောင်းအဝယ်မပြုလုပ်ဘဲ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားလာ၍ အသင်းသူ၊ အသင်းသားများနှင့် ကိုယ်စားလှယ်များ၏ ကျန်းမာရေးကို ရှေးရှု၍ မုံရွာကုန်စည်ဒိုင်အား ယာယီပိတ်ထားရခြင်း ဖြစ်ပါကြောင်း ဆက်လက်ပြောပြသည်။

အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရခြင်းသည် တောင်သူများနှင့် အသင်းသူ၊ အသင်းသားများ ဈေးနှုန်းအမှန်ရရှိရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ မုံရွာမြို့ကုန်စည်ဒိုင်ဖွင့်မည့်ရက်ကို ပြန်လည်ကြေညာပေးမည်ဖြစ်ပါကြောင်း သတင်းပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုထံမှ သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

# အခြေခံပညာသင်ရိုးညွှန်းတမ်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**
အခြေခံပညာသင်ရိုးညွှန်းတမ်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်၊ တားဆီးနေရသည့် ကာလတွင် JICA နှင့် ADB တို့၏အကူအညီဖြင့် သင်ရိုးရေးဆွဲရေး(CDT)အဖွဲ့ဝင်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူတို့က သင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်သစ်များဖြစ်သည့် Grade-5၊ Grade-8၊ Grade-11 တို့ကို အချိန်မီပြုစု အတည်ပြုနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်ရှိပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်နေကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့်အတွက်ဖြစ်စေ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ အချိန်မီပြုစု အတည်ပြုရေးအတွက်ဖြစ်စေ အခက်အခဲများရှိပါက ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဌေးဌေးဝင်းက သင်ရိုးသစ် Grade-5၊ Grade-8၊ Grade-11 သိပ္ပံဘာသာရပ်စာအုပ်များ(သင်္ချာ၊ သိပ္ပံ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ပန်းချီ)၊ အနုပညာ(ဂီတ)၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ပြုစုထားရှိမှု အခြေအနေနှင့်ပတ်သက်၍ လည်းကောင်း၊ ပညာရေးသုတေသန၊စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာလွင်က သင်ရိုးသစ် Grade-5၊ Grade-8၊ Grade-11 ဝိဇ္ဇာဘာသာရပ်စာအုပ်များ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘောဂဗေဒ)ပြုစုထားရှိမှုအခြေအနေနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် JICA(CREATE) Project၊ ADB EYE Project တို့မှ တာဝန်ရှိသူများ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့်ချိတ်ဆက်၍ အခြေခံပညာ သင်ရိုးညွှန်းတမ်း ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အကြံပေးအဖွဲ့များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**
ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အကြံပေးအဖွဲ့များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ယခုအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသော အချိန်ကာလဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် မိမိအိမ်တွင်သာနေထိုင်ရေး (Stay at Home)အစီအစဉ်ဖြင့် လုပ်ဆောင်နေသော်လည်း အမှန်တကယ် လိုက်နာဆောင်ရွက်မှသာ နှစ်ပတ်ကြာ ကာလတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာမည်ဖြစ်ပါကြောင်း၊ လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများလည်း လာမည့် ၂၄ ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်၍ ကူးစက်မှုများ ကျသွားမည်ပါကြောင်း။

**တင်းကျပ်စွာစိစစ်သွားမည်**

ဆက်လက် ဖွင့်လှစ်ခွင့်ရရှိသော စက်ရုံ၊ အလုပ်ရုံများကိုလည်း ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ခြင်း ရှိ၊ မရှိကို တင်းကျပ်စွာ စိစစ်သွားမည်ဖြစ်ပါကြောင်း၊ ဈေးများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ရေးကို ကြီးကြပ်ဆောင်ရွက်ပေးပါရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်များထံသို့ အကြောင်းကြားထားပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများနှင့် လူနာနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းများတွင် ထပ်မံပံ့ပိုးအားဖြည့်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော ကွင်းဆင်းအဖွဲ့ သုံးဖွဲ့ကိုလည်း စက်တင်ဘာ ၁၅ ရက်တွင် စေလွှတ်ထားပြီး လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြုနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြု အားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ကိုလည်း စက်တင်ဘာ ၂၀ ရက်တွင် ထပ်မံဖွဲ့စည်းထားခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့များ၏ အကြံပြုချက်များ ရယူ၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းနည်းဗျူဟာများကို လိုအပ်သလို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေး ရှုထောင့်၊ ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်တို့မှ သာမက လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်နှင့်အညီ စီမံခန့်ခွဲမှုရှုထောင့်မှပါ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခု၏ ရောဂါဖြစ်ပွားမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ဆန်းစစ်သုံးသပ်ချက်များကို ကျန်တိုင်းဒေသကြီး/ ပြည်နယ်များကလည်း လေ့လာကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုက်ညီပြီး ကောင်းမွန်သည့် အချက်များအား အတုယူလုပ်ဆောင်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ပထမလှိုင်း ဖြစ်ပွားပြီးနောက် ရောဂါကာကွယ်ရေး နည်းလမ်းများအား လိုက်နာဆောင်ရွက်မှု အားနည်းခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှ ကူးစက်ဖြစ်ပွားခြင်း၊ ရောဂါပိုးရပ်စ်ပိုးသည် မျိုးဗီဇပြောင်းလဲမှုများရှိနေခြင်း၊ ရောဂါကူးစက်ခံထားရသော်လည်း ရောဂါလက္ခဏာမရှိသူများရှိခြင်းစသည့် အချက်များကြောင့် ယခု ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ကူးစက်မှုလှိုင်းများ ရှိလာနိုင်ပါကြောင်း၊ ဒုတိယလှိုင်း ပြီးဆုံးပြီးနောက်လည်း ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆက်လက်လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကမ္ဘာပေါ်တွင် ထိရောက်အစွမ်းထက်သော ကာကွယ်ဆေးများ ပေါ်ထွက်လာပြီး ပြည်သူများအစု ထိုးနှံပြီးမှသာ ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းများ ထပ်မံမဖြစ်ပွားတော့မည် ဖြစ်ပါကြောင်း။

**တိကျစွာလိုက်နာ**

သို့ဖြစ်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ထိရောက်သော ကာကွယ်ဆေးမပေါ်မီအချိန်အထိ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပေါ့ဆမှု(လုံးဝ)မရှိဘဲ ရှေ့ဆက်လက်၍ ရောဂါကာကွယ်ရေး နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသူများက မိမိတို့၏ သုံးသပ်ချက် အမြင်များနှင့် အကြံပြုချက်များကို ပွင့်လင်းစွာဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး အသုံးအဆောင်များ အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဝယ်ယူနေမှုများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်ရှိတွင် Cobas 6800၊ RT PCR နှင့် GeneXpert စက်များ အသုံးပြုကာ ဓာတ်ခွဲစစ်ဆေးနေမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ရန်ကုန်တိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် နေ့စဉ် ညနေ ၅ နာရီတိုင်း ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေးပြုလုပ်ဆွေးနွေးကာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာကျော်မြင့်က ရောဂါကာကွယ်ရန်အတွက် နေထိုင်မှုပုံစံအသစ်ဖြင့် လိုက်လျောညီထွေစွာ နေထိုင်သွားရမည့်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို ကြိုတင်မှန်းဆ ပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာဖေသက်ခင်က ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း မရှိမဖြစ်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး၊ မကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးမှုမမြင့်မားလာစေရေး၊ အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ အောင်မြင်ရရှိမှု အခြေအနေများကို ဆက်လက် ထိန်းသိမ်းနိုင်ရေး၊ သတင်းမီဒီယာများ၊ ပြည်သူများနှင့် ယခုထက် ပိုမိုဆက်သွယ် သတင်းပြန်ကြားနိုင်ရေး၊ မျိုးဆက်သစ် ကျန်းမာရေးပညာရှင်များ၏ မျှော်လင့်ချက်၊ ခံစားချက်ကို သိနားလည်ရေးနှင့် အကာအကွယ်ပေးရေး ကိစ္စရပ်များကို လည်းကောင်း။

ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကုသရေးလုပ်ငန်း၊ အသွားအလာစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများအားဖြည့်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်နေသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုသည့် နေရာအဆောက်အအုံများ၏(CBFQ)စီမံခန့်ခွဲမှု အခြေအနေနှင့် လိုအပ်ချက်များ၊ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်းနှင့် အဖြေပြန်လည်ရရှိမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသီတာလှက ကိုဗစ်-၁၉ ကုသရေးဌာနအသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဓာတ်ခွဲအတည်ပြု စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်စောင့်ကြည့်သည့် နေရာများမှ သင့်လျော်သော ဆေးရုံ၊ ကုသရေးဌာနများသို့ ပို့ဆောင်ပေးနေမှုနှင့် ရင်ဆိုင်ရသည့် အခက်အခဲများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်း) ဒေါက်တာသန္တာလွင်က ရန်ကုန်တိုင်းဒေသကြီး၌ မြို့နယ်အသီးအသီးက တာဝန်ယူဆောင်ရွက်နေသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများတွင် သက်ဆိုင်ရာဌာနများက အားဖြည့်ဆောင်ရွက်ရန် အချက်များ၊ အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများ၏ သတင်းအချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် မှတ်တမ်းတင်နိုင်ရေးကို လည်းကောင်း။

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ညွှန်ကြားရေးမှူး(ကူးစက်)တို့က စစ်တွေမြို့နယ်ရှိ ယာယီစခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင် ရွှေ့လျားဆေးခန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေနှင့် ရောဂါကူးစက်မှုမရှိအောင် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အိမ်တွင်နေထိုင်ရေး အစီအစဉ်အရ လိုက်နာရမည့်အချက်များကို ပြည်သူလူထုက လိုက်နာဆောင်ရွက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဆေးပညာပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က များပြားသော လူနာများအား ရက်ရှည်ကြာ ကုသမှုပေးနေရသော ဆေးပညာအထူးကုများ၊ သမားတော်များသည် ပင်ပန်းနွမ်းနယ်လျက်ရှိနေမှုနှင့် စိတ်ဓာတ်ရေးရာပံ့ပိုးမှုများ ဆောင်ရွက်နေမှု၊ စောင့်ကြည့်လူနာများကို တစ်နေရာတည်းတွင် စုစည်းထားရှိနိုင်ရေးကိစ္စနှင့် အီလက်ထရွန်နစ်စနစ်သုံး လူနာမှတ်တမ်းစနစ်ကို သုံးစွဲရန် အဆင်သင့်ဖြစ်နေမှု အခြေအနေများကို လည်းကောင်း။

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမြင့်ဟန်က မြန်မာနိုင်ငံ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် အလွန်အရေးကြီးသည့် ပြင်ပအထွေထွေရောဂါကု ဆရာဝန်များ၏ အခန်းကဏ္ဍ၊ ပြင်ပဆေးခန်းအများစု မဖွင့်သောကြောင့် နေမကောင်းသူများ၊ နာတာရှည် ရောဂါလူနာများအတွက် အခက်အခဲများ ရှိနေသည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အကြံပြုချက်အတိုင်း ဆောင်ရွက်သွားမည်**

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် ပတ်သက်၍ သံသယ/ စောင့်ကြည့် လူနာအဖြစ် အဓိပ္ပာယ်သတ်မှတ်ချက်၊ ဆေးရုံတက်ရောက်ရန် သတ်မှတ်ချက်များအား မွမ်းမံသွားရန်အတွက် သက်ဆိုင်ရာပညာရှင်များ၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်သော နေရာများတွင် လက်ကိုင်အသံချဲ့စက်များဖြင့် ကျန်းမာရေး အသိပညာပေးခြင်းများဆောင်ရွက်ရမည်ဖြစ်ပြီး အသွားအလာကန့်သတ်ရက် ပြည့်မြောက်သူများအား ဆက်လက်လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ပေးဝေသွားရမည်ဖြစ်ပါကြောင်း။

အသွားအလာကန့်သတ်ထားရှိရာနေရာများ စီမံခန့်ခွဲရာတွင် ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် စီမံခန့်ခွဲရေးပညာရှင်များ သုံးသပ်တိုင်ပင် ဆောင်ရွက်စေလိုပါကြောင်း၊ အသွားအလာကန့်သတ် ထားရှိရာနေရာများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် တက်ရောက်နေသူများအနက် ရောဂါအခံရှိ၍ ဆေးစွဲသောက်နေရသူများ ဆေးဝါးပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးစီမံချက်များနှင့် ချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီများနှင့် ဆွေးနွေးမှုများကို တစ်ပတ်လျှင် နှစ်ကြိမ်ခန့် ပြုလုပ်စေလိုပါကြောင်း၊ မိမိနေအိမ်တွင်သာနေထိုင်ရေး အစီအစဉ်ကို လိုက်နာဆောင်ရွက်မှု အားနည်းနေခြင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံသို့ အကြံပြုချက်များ ပေးပို့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့များက ပြုလုပ်သည့် အစည်းအဝေးမှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်တို့ထံသို့ ပေးပို့ခြင်းနှင့် အဖွဲ့များအချင်းချင်း ဝေမျှခြင်းများ ပြုလုပ်စေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# Stay at Home ကို တိတိကျကျနဲ့ အကျိုးရှိရှိဖြစ်အောင် အားလုံးဝိုင်းဝန်းပြီး အကောင်အထည်ဖော်ကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ် . . .

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ထက်လျှံ**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၂ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ကိုဗစ် – ၁၉ နဲ့ပတ်သက်ပြီး အချိန်အားဖြင့် သုံးပတ်ကျော်လာပါပြီ။ ကျွန်တော်တို့ ရန်ကုန်မှာ Positive လူနာတွေ့ရှိမှုအနေနဲ့ ၅၀၀ ကနေ ၄၄၀၊ ၄၄၀ ကနေ ၃၉၀ ဖြစ်လာတဲ့အတွက် နည်းနည်းလေး အကျဘက်ကို ရောက်လာတယ်လို့ ထင်ရပါတယ်။ ဒါက သေချာတဲ့အဖြေတစ်ခု မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ကိုဗစ်ရောဂါ ဓာတ်ခွဲစစ်ဆေးမှုအပေါ်မှာ မူတည်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက်စောင့်ကြည့်ဖို့နဲ့ ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။

ရန်ကုန်မှာ ယခုအထိ ဆေးရုံတင်ထားတဲ့ လူနာပေါင်းက ၃၂၀၀ နီးပါး ရှိပါတယ်။ ဒီ ၃၂၀၀ ထဲက အထူးကြပ်မတ်ကုသဆောင် (ICU) ကို တက်ရောက်ကုသမှုခံယူနေတဲ့ လူနာပေါင်း ၃၇ ဦး နီးပါးရှိပါတယ်။ ဒီလို အနေအထားနဲ့ ကျွန်တော်တို့ ရင်ဆိုင်နေရတာပါ။ ကျွန်တော်တို့ အနေအထားက ယခု PUI တွေ တော်တော်များပါတယ်။ ဆေးရုံတွေမှာ PUI တွေ ထားဖို့အတွက် နေရာအခက်အခဲတွေ ဖြစ်လာပါတယ်။ PUI ဆိုတာ ကိုဗစ်ရောဂါလက္ခဏာ သံသယရှိတဲ့ လူနာတွေဖြစ်ပါတယ်။ ကိုဗစ်ဖြစ်ပွားနေတယ်လို့ မသေချာဘဲနဲ့ သံသယရှိတဲ့ လူနာတွေဖြစ်ပါတယ်။

ယခုက သံသယရှိတဲ့ လူနာတွေထဲကနေပြီး Positive Confirm ဖြစ်တဲ့ ပိုးတွေ့တဲ့လူနာအရေအတွက် ရာခိုင်နှုန်းက တော်တော်များပါတယ်။ အထူးသဖြင့် အနံ့ပျောက်တဲ့သူတွေ တော်တော်များလာပါတယ်။ ဒီလူတွေက ကျန်းမာပြီး သွားလာနိုင်ပေမယ့် အနံ့ပျောက်နေတာ ဖြစ်ပါတယ်။ ဒီလို အနံ့ပျောက်တဲ့သူတွေအနေနဲ့ ကိုယ်အနံ့ပျောက်ပြီဆိုတာကိုသိတာနဲ့ ဆေးရုံ/ ဆေးခန်းကိုသွားပြီး သီးခြားနေဖို့လိုအပ်ပါတယ်။ ဒီလိုသီးခြားနေခြင်းက ရောဂါကူးစက်ခြင်းကို ကာကွယ်ခြင်းဖြစ်ပါတယ်။ ဒါက အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။

အနံ့ပျောက်တဲ့သူတွေအနေနဲ့ ကိုယ့်ရဲ့ကျန်းမာရေးက အကုန်ကောင်းနေပေမယ့် အနံ့ပျောက်တာတစ်ခုတည်းဆိုပြီး ပေါ့ပေါ့နေနိုင်ပါတယ်။ အဲဒီလိုမျိုး မနေသင့်ပါဘူး။ အနံ့ပျောက်ပြီဆိုတာနဲ့ ဆေးရုံ/ ဆေးခန်းကိုသွားပြီး သီးခြားခွဲပြီး နေထိုင်သင့်ပါတယ်။ မိသားစုတွေထံ ပြန်သွားရင် မိသားစုဝင်တွေကို ကူးစက်မှာဖြစ်ပါတယ်။

ဒါကြောင့် ယခုဒီလိုမျိုး အနံ့ပျောက်တဲ့သူတွေ နေထိုင်နိုင်ဖို့အတွက် ဆေးရုံတွေရဲ့ အနီးအနားမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့တွဲဖက်ပြီး ဒီကိစ္စတွေကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါမှသာလျှင် ရောဂါကူးစက်မှုလမ်းကြောင်းကို ကျွန်တော်တို့ ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်အနေနဲ့ အနံ့ပျောက်တာ တစ်ခုပဲရှိတယ်၊ ကျန်တာအကုန်ကောင်းတယ်၊ ချောင်းဆိုးတာ/ ဖျားတာမရှိဘူးဆိုပြီး အိမ်ကိုပြန်သွားခဲ့ရင် ကိုယ်ကနေ တစ်ဆင့် ကျန်တဲ့ မိသားစုဝင်တွေ၊ အနီးအနားကသူတွေကို ကူးစက်သွားမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ အထူးအသိပေးချင်ပါတယ်။ ဆေးရုံ/ ဆေးခန်းတွေအနေနဲ့ ယခုကဲ့သို့ လူနာတွေကိုတွေ့ရှိခဲ့ရင် အမြန်ဆုံး သူ့ကို သီးခြားခွဲထုတ်ထားဖို့ လိုအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ စက်တင်ဘာ ၂၄ ရက်ဆိုရင် Stay at Home နဲ့ပတ်သက်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ့် အနေအထားရှိပါတယ်။ ဒါအတွက်လည်း ပြည်သူလူထုအနေနဲ့ အားလုံးဝိုင်းဝန်းပြီး Stay at Home ကို တကယ့်ကို တိတိကျကျနဲ့ အကျိုးရှိရှိဖြစ်အောင် အားလုံးဝိုင်းဝန်းပြီး အကောင်အထည်ဖော်ကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ လက်ရှိအနေအထားအရ ကာကွယ်တဲ့အနေနဲ့ Contact Tracing တွေကို ယခုအခါမှာ အားဖြည့်ပြီး စတင်ဆောင်ရွက်နေနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီဘက်ကလည်း တစ်ဖက်တစ်လမ်းက တိုးမြှင့်ပြီးဆောင်ရွက်နေသလို ပြည်သူလူထုအနေနဲ့ကလည်း ကိုဗစ်ရောဂါ မိမိကိုယ်မိမိ မကူးစက်အောင်၊ မိမိကနေ တခြားသူတွေကို မကူးစက်အောင်၊ မိမိအနီးအနားမှာရှိတဲ့သူကို မကူးစက်အောင်၊ မိမိ မိသားစုနဲ့ ပတ်ဝန်းကျင် မကူးစက်အောင်၊ လမ်း/ ရပ်ကွက်/ မြို့နယ်အလိုက် ကူးစက်မှုမရှိအောင် ဒီအချိန်မှာ အားစိုက်ပြီး ဒီကိစ္စကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ဒါမှသာလျှင် ယခုလုပ်ထားတဲ့ Stay at Home အချိန် နှစ်ပတ်အတွင်းမှာ ထိထိရောက်ရောက်နဲ့ ကိုဗစ်ရောဂါကူးစက်မှုကို တားဆီးနိုင်မှာဖြစ်ပါတယ်။ ဒါအတွက် အထူးအာရုံစိုက်ပြီး ကြိုးစားကြဖို့လိုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကိုဗစ် ဗဟိုကော်မတီကပါ ကိုဗစ်ရောဂါ ကူးစက်မှုကနေ အောင်မြင်စွာကျော်လွှန်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို ကျွန်တော့်အနေနဲ့ အထူးတိုက်တွန်း ပန်ကြားလိုပါတယ်။

> **အထူးသဖြင့် အနံ့ပျောက်တဲ့သူတွေ တော်တော်များလာပါတယ်။ ဒီလူတွေက ကျန်းမာပြီး သွားလာနိုင်ပေမယ့် အနံ့ပျောက်နေတာ ဖြစ်ပါတယ်။ ဒီလို အနံ့ပျောက်တဲ့သူတွေအနေနဲ့ ကိုယ်အနံ့ပျောက်ပြီဆိုတာကိုသိတာနဲ့ ဆေးရုံ/ ဆေးခန်းကိုသွားပြီး သီးခြားနေဖို့ လိုအပ်ပါတယ်။ ဒီလိုသီးခြားနေခြင်းက ရောဂါကူးစက်ခြင်းကို ကာကွယ်ခြင်း ဖြစ်ပါတယ်။ ဒါက အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။**

ကုသရေးပိုင်းအနေနဲ့ ယခုဆိုရင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာမှာ လေအေးပေးစနစ်ပါဝင်တဲ့ အဆောင်အသစ်တွေ ဖွင့်နိုင်ပါပြီ။ တောင်ဒဂုံမြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာမှာ စက်တင်ဘာ ၂၄ ရက်ကနေစတင်ပြီး အဆောင်အသစ်တွေ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ဒီအဆောင်အသစ်တွေ ဖွင့်လှစ်ပြီးသွားရင် ရန်ကုန်မှာ ယခင်က ကျွန်တော်တို့ မျှော်မှန်းခဲ့သလို ခုတင် ၅၀၀၀ နဲ့ လူနာတွေကို တစ်ပြိုင်နက်တည်းကုသနိုင်တဲ့ အနေအထားကို ရောက်သွားမှာဖြစ်ပါတယ်။ ယခုအချိန်မှာ ခုတင် ၃၀၀၀ ကျော်နဲ့ လူနာတွေကို ပြုစုကုသပေးလျက်ရှိပါတယ်။

ဒီလိုတစ်ဖက်ကနေ ပြုစုကုသရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ပြီး တစ်ပြိုင်နက်တည်း ပြည်သူရဲ့ တစ်ဦးတစ်ယောက်ချင်းစီကပါ ပါဝင်ဆောင်ရွက်သွားမယ်ဆိုရင် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေက ပိုမိုအောင်မြင်လာမှာ ဖြစ်ပါတယ်။ Positive ဖြစ်ပွားနှုန်းတွေကလည်း တဖြည်းဖြည်း ကျလာမှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကို အောင်မြင်တဲ့ မြို့တစ်မြို့အဖြစ် ရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။

ဒီနေ့ နံနက်ပိုင်းမှာ ကျွန်တော်တို့ စီနီယာဆရာဝန်ကြီးတွေ ပါဝင်တဲ့ ဆေးဘက်ဆိုင်ရာ နည်းပညာအကြံပြုအားဖြည့်အဖွဲ့နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးမှုမှာ စီနီယာဆရာဝန်ကြီးတွေက သူတို့ရဲ့ အကြံဉာဏ်တွေ၊ အတွေ့အကြုံတွေ၊ အမြင်တွေနဲ့ အယူအဆတွေကို မျှဝေပေးပါတယ်။ ရန်ကုန်အတွက် ဒီစီနီယာဆရာဝန်ကြီးတွေက သူတို့ရဲ့ အသက်အရွယ်နဲ့ ကိုယ်ပိုင်အချိန်ကို မထောက်ထားဘဲ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာကို ကျွန်တော့်အနေနဲ့ ကျေးဇူးအထူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ ကိုဗစ် – ၁၉ ကာကွယ်၊ ကုသရေးနဲ့ပတ်သက်ပြီး ပါဝင်ဆောင်ရွက်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာအသီးသီးက ပါဝင်ဆောင်ရွက်နေသူတွေ အားလုံးကို ကျွန်တော် ဒီနေရာကနေ အထူးလေးစားဂုဏ်ယူပြီး ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

ဒီလို ကျွန်တော်ပြောကြားတာက ပြည်သူလူထုရဲ့ ကိုယ်စား၊ တိုင်းပြည်ရဲ့ ကိုယ်စား၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကိုယ်စား၊ ကုသရေးအပိုင်းမှာရှိနေတဲ့ ဆေးရုံ/ ဆေးခန်း/ ဆေးတက္ကသိုလ်တွေရဲ့ ကိုယ်စား၊ အားလုံးရဲ့ကိုယ်စား ပြောကြားခြင်းဖြစ်ပါတယ်။ တကယ့်ကို အထူးဂုဏ်ယူလေးစားမိပါတယ်။ ဒီလိုအချိန်မျိုးမှာ ကိုယ့်ရဲ့ ကျန်းမာရေး၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ပဓာနမထားဘဲ ယခုလိုမျိုး ဆောင်ရွက်ပေးနေကြတာကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။

တကယ်တော့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန်/ ဆရာမတွေ၊ စေတနာ့ဝန်ထမ်းတွေအားလုံးဟာ ဒီအချိန်မှာ ကိုယ်ကျိုးစွန့်ပြီး ကိုယ့်ရဲ့ အန္တရာယ်ကိုသိရဲ့နဲ့ လူနာသာလျှင် ပထမ၊ ဒုတိယ၊ တတိယဆိုတဲ့ စိတ်နဲ့ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီရောဂါကပ်ဘေးကြီးကနေ မိသားစုတွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေ၊ မြို့တွေနဲ့ တိုင်းပြည်ကို ကယ်ထုတ်နိုင်ဖို့အတွက် ကိုယ်ကျိုးစွန့်ပြီး ယခုလိုဆောင်ရွက်နေကြတာကို ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်မံပြောကြားလိုပါတယ်။

ကျွန်တော်တို့ ယခုလို ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေနဲ့ ဒုက္ခတွေ တွေ့ကြုံရမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောထား မတိုက်ဆိုင်မှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အောင်မြင်ဖို့ ဆိုရင် အားလုံးဟာ တူညီတဲ့ရည်ရွယ်ချက်က တစ်ခုတည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူလူထု ကျန်းမာဖို့၊ လူနာတွေ အသက်အန္တရာယ် မရှိဖို့၊ အသက်ချမ်းသာရာရဖို့၊ ဒီရောဂါပျောက်ဖို့နဲ့ ဘေးကင်းဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားလုံးက ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဟာကို ဆောင်ရွက်နေကြသူတွေအားလုံးကို ကျွန်တော် ဒီနေရာကနေ လေးစားပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**



# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## မှန်ကန်တဲ့နေရာမှာ သတ္တိရှိဖို့လို



**ရန်ကုန်မှာရှိတဲ့ ပြည်သူပြည်သား တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်ရဲ့ ကျန်းမာရေးကို ကိုယ်အားစိုက်ပါ။ ကိုယ်ကျန်းမာဖို့ ကိုဗစ်ရောဂါ မကူးဖို့ဆိုတာ အဲဒါကိုပဲ အဓိကထားပါ။ ကိုယ်မကူးရင် ကိုယ့်ဆီကနေ သူများတွေမကူးနိုင်ဘူး။ အဲဒီတော့ ကိုယ့်အတွက် ကိုယ်လုပ်တာဟာ သူများတွေအတွက် လုပ်တယ်ဆိုတဲ့သဘောလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ရန်ကုန်က ပြည်သူပြည်သားများ စိတ်ဓာတ်မကျပါနဲ့။ ရန်ကုန်သူ ရန်ကုန်သားများ သတ္တိရှိတယ်လို့ အားလုံးက ပြောကြပါတယ်။ အဲဒီတော့ မှန်ကန်တဲ့နေရာမှာ သတ္တိရှိဖို့လိုပါတယ်။ ကိုဗစ်ရောဂါကို ဖြတ်ကျော်တဲ့နေရာမှာ၊ အနိုင်ယူတဲ့နေရာမှာ သတ္တိရှိရှိနဲ့၊ ဇွဲရှိရှိနဲ့ ဆက်ပြီးတော့ လုပ်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၃–၉–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၂၂–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၄၈၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ဒလမြို့နယ် | ၃၇ |
| | | ဒဂုံမြို့နယ် | ၂၄ |
| | | ရွှေပြည်သာမြို့နယ် | ၂၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၉ |
| | | မရမ်းကုန်းမြို့နယ် | ၁၈ |
| | | လှိုင်သာယာမြို့နယ် | ၁၇ |
| | | အင်းစိန်မြို့နယ် | ၁၆ |
| | | သာကေတမြို့နယ် | ၁၆ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၁၅ |
| | | မင်္ဂလာဒုံမြို့နယ် | ၁၃ |
| | | တွံတေးမြို့နယ် | ၁၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀ |
| | | ပန်းပဲတန်းမြို့နယ် | ၈ |
| | | ဒေါပုံမြို့နယ် | ၈ |
| | | လသာမြို့နယ် | ၈ |
| | | လမ်းမတော်မြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၆ |
| | | ဗဟန်းမြို့နယ် | ၆ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၆ |
| | | ထန်းတပင်မြို့နယ် | ၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၅ |
| | | ကျောက်တံတားမြို့နယ် | ၄ |
| | | ဗိုလ်တထောင်မြို့နယ် | ၄ |
| | | အလုံမြို့နယ် | ၄ |
| | | တာမွေမြို့နယ် | ၄ |
| | | လှိုင်မြို့နယ် | ၄ |
| | | စမ်းချောင်းမြို့နယ် | ၃ |
| | | သန်လျင်မြို့နယ် | ၃ |
| | | ခရမ်းမြို့နယ် | ၃ |
| | | သုံးခွမြို့နယ် | ၃ |
| | | ကော့မှူးမြို့နယ် | ၃ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | ပုဇွန်တောင်မြို့နယ် | ၁ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃၃၆ |
| ၂ | ရခိုင်ပြည်နယ် | မြောက်ဦးမြို့နယ် | ၁၉ |
| | | စစ်တွေမြို့နယ် | ၁၀ |
| | | ကျောက်ဖြူမြို့နယ် | ၈ |
| | | ကျောက်တော်မြို့နယ် | ၁ |
| | | ဘူးသီးတောင်မြို့နယ် | ၁ |
| | | မာန်အောင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၄၀ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၅ |
| | | ကျောင်းကုန်းမြို့နယ် | ၁ |
| | | မအူပင်မြို့နယ် | ၁ |
| | | ဒေးဒရဲမြို့နယ် | ၁ |
| | | ဝါးခယ်မမြို့နယ်* | ၁ |
| | | ပန်းတနော်မြို့နယ် | ၁ |
| | | ဟင်္သာတမြို့နယ် | ၁ |
| | | ကျုံပျော်မြို့နယ်* | ၁ |
| | စုစုပေါင်း | | ၁၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၇ |
| | | ပုသိမ်ကြီးမြို့နယ် | ၂ |
| | | ရမည်းသင်းမြို့နယ်** | ၂ |
| | | ပြည်ကြီးတံခွန်မြို့နယ် | ၂ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | | ချမ်းအေးသာစံမြို့နယ် | ၁ |
| | | မိတ္ထီလာမြို့နယ်* | ၁ |
| | စုစုပေါင်း | | ၁၆ |
| ၅ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | လယ်ဝေးမြို့နယ် | ၂ |
| | | ဇေယျာသီရိမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၁၂ |
| | | ထန်းတပင်မြို့နယ် | ၁၂ |
| | | ကဝမြို့နယ် | ၅ |
| | | အုတ်တွင်းမြို့နယ်* | ၃ |
| | | ဇေယ်မြို့နယ် | ၃ |
| | | ပြည်မြို့နယ် | ၂ |
| | | ဒိုက်ဦးမြို့နယ် | ၂ |
| | | ပန်းတောင်းမြို့နယ် | ၁ |
| | | ကျောက်ကြီးမြို့နယ် | ၁ |
| | | မြို့တန်ဆာမြို့နယ်* | ၁ |
| | စုစုပေါင်း | | ၄၂ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘိုမြို့နယ် | ၁ |
| | စုစုပေါင်း | | ၁ |
| ၈ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၁၁ |
| | | မော်လမြိုင်မြို့နယ် | ၁၁ |
| | | မုဒုံမြို့နယ် | ၄ |
| | | ပေါင်မြို့နယ်* | ၂ |
| | | သံဖြူဇရပ်မြို့နယ် | ၁ |
| | | ကျိုက်မရောမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃၀ |
| ၉ | ကရင်ပြည်နယ် | လှိုင်းဘွဲ့မြို့နယ် | ၁ |
| | | ဘားအံမြို့နယ်*** | ၁ |
| | | ကြာအင်းဆိပ်ကြီးမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| ၁၀ | ကချင်ပြည်နယ် | မိုးကောင်းမြို့နယ်** | ၁ |
| | | ပူတာအိုမြို့နယ်* | ၁ |
| | စုစုပေါင်း | | ၂ |
| ၁၁ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီးမြို့နယ် | ၂ |
| | | ပင်လောင်းမြို့နယ် | ၁ |
| | စုစုပေါင်း | | ၃ |
| | (၂၂–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၄၈၈ |

*မန္တလေးတိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားသူဖြစ်ပါသည်။
**နေပြည်တော်တွင် အသွားအလာကန့်သတ်ထားသူဖြစ်ပါသည်။
***ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူနေသူဖြစ်ပါသည်။

မှတ်ချက်။ (၂၃–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအချိန်တွင် ထုတ်ပြန်ကြေညာခဲ့သော (၂၂–၉–၂၀၂၀) ရက်နေ့တွင် တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာသစ်စုစုပေါင်း (၄၈၉) ဦး၏ ဓာတ်ခွဲနမူနာများအနက် တစ်ခုသည် ဒုတိယအကြိမ် ထပ်မံစစ်ဆေးသည့် ဓာတ်ခွဲနမူနာဖြစ်သဖြင့် (၂၂–၉–၂၀၂၀) ရက်နေ့၏ ဓာတ်ခွဲအတည်ပြုလူနာသစ်မှာ (၄၈၈) ဦးသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၃–၉–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆,၉၅၈) ဦးရှိပါသည်။

၂။ (၂၃–၉–၂၀၂၀) ရက်နေ့၊ ယခုသတင်းထုတ်ပြန်ချိန်အထိ ထပ်မံသေဆုံးသူ (၁၃) ဦးရှိပါသည် –

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-6703* | ၇၈ | ကျား | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၂၂-၉-၂၀၂၀) နံနက် (၇:၂၀) နာရီ |
| ၂ | Case-6916* | ၆၇ | ကျား | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး | (၂၀-၉-၂၀၂၀) ညနေ (၄:၁၀) နာရီ |
| ၃ | Case-3367 | ၄၃ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၃-၉-၂၀၂၀) နံနက် (၁:၃၀) နာရီ |
| ၄ | Case-4343 | ၇၅ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၃-၉-၂၀၂၀) နံနက် (၈:၂၀) နာရီ |
| ၅ | Case-4055 | ၅၂ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၃-၉-၂၀၂၀) နံနက် (၁၀:၀၀) နာရီ |
| ၆ | Case-6776* | ၈၅ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၀-၉-၂၀၂၀) ညနေ (၄:၁၀) နာရီ |
| ၇ | Case-6781* | ၉၁ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၁-၉-၂၀၂၀) ညနေ (၆:၀၀) နာရီ |
| ၈ | Case-6806* | ၅၇ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) နံနက် (၁:၄၅) နာရီ |
| ၉ | Case-6805* | ၈၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) နံနက် (၁၀:၃၀) နာရီ |
| ၁၀ | Case-6743* | ၆၆ | ကျား | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) ညနေ (၅:၀၀) နာရီ |
| ၁၁ | Case-6744* | ၇၀ | ကျား | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | (၂၁-၉-၂၀၂၀) ည (၈:၃၅) နာရီ |
| ၁၂ | Case-6782* | ၄၁ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) နံနက် (၃:၃၀) နာရီ |
| ၁၃ | Case-1605 | ၇၁ | ကျား | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၂၃-၉-၂၀၂၀) နံနက် (၉:၁၅) နာရီ |

*အဆိုပါလူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားခဲ့ဖြစ်ပြီး COVID–19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၂၉)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ**
**(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ**

၁။ (၂၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၉-၂၀၂၀) နံနက် (၈:၀၀) နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၃၁၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၉၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၉၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၃၃) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၆၈) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁,၁၈၉) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၃၀၈၃) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁၆) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆၉၅၉)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၂-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၃၂၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၄၇၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၅၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၆၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၂၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၁၈၉) ခုနှင့်
- နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၅၃) ခု၊

စုစုပေါင်း (၅၅၈၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈၉) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၃) ဦး တွေ့ရှိကြောင်းကို (၂၂-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ (၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ ထပ်မံသေဆုံးသူ (၁) ဦး ရှိပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၁၆) ဦးရှိပြီဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| ဓာတ်ခွဲဌာန | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | ဓာတ်ခွဲအတည်ပြု လူနာသစ် တွေ့ရှိမှု |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (ဒုတိယအသုတ်) | (၁,၃၁၁) ခု | (၁၂၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) (ဒုတိယအသုတ်) | (၁၉၀) ခု | (၂၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (ဒုတိယအသုတ်) | (၁၉၂) ခု | (၁၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (ဒုတိယအသုတ်) | (၁၃၃) ခု | (၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) (ဒုတိယအသုတ်) | (၆၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၈၉) ခု | (၄၂) ဦး |
| (၂၂-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၃,၀၈၃) ခု | (၂၁၆) ဦး |

(၂၂-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၅၅၈၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ**
**(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၁၆) ဦး | (၆,၉၅၉) ဦး |
| ဆေးရုံဆင်း | (၀) ဦး | (၁,၉၅၁) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၁၁၆) ဦး |

**ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ**

| စဉ် | Case | အသက် (နှစ်) | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁။ | Case-4581 | ၄၃ နှစ် | မ | COVID-19 ကုသရေးဌာန(ဓောင်ကြီး) | (၂၂-၉-၂၀၂၀) ည (၉:၂၀) နာရီ |

ယခုသတင်းထုတ်ပြန်ချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၁၆)ဦးရှိပြီ ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## လေးစားဂုဏ်ပြုထိုက်သူတွေ

လူတော့လူပဲ
လူထဲကလူ
သည်လိုလူသား
ရှိသော်ငြားလိမ့်....,
စိတ်ထားမြင့်မြတ်
ကမ္ဘာ့ကပ်ဆိုး
ရင်ဆိုင်တိုးချိန်
ကိုယ့်အိုးအိမ်မှာ
စည်းစိမ်မကွာ
နေနိုင်ပါလျက်
အများအတွက်တွေးပူ
ဝိုင်းဝန်းကူကြ
ဇောတိကသို့....,
သင်တို့အလှူအား
ပြည်သူများက
လေးစားဂုဏ်ပြုလျက်ရှိသည်။ ။

ဟင်္သာတမြင့်ငွေ

❂ ကျောဖုံးမှ

၂။ (၂၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၂၉၂) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၂၀၈၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၃၀) ဦး ရှိပါသည်။

၅။ (၂၂-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၃၈) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်) (ပထမအသုတ်) | (၇၃၂) ခု | (၂၀၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) (ပထမအသုတ်) | (၃၀၃) ခု | (၁၀၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၃၄) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (ပထမအသုတ်) | (၂၄၄) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) (ပထမအသုတ်) | (၁၃၀) ခု | - |
| နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅) ခု | - |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၄) ခု | (၂) ဦး |
| စုစုပေါင်း | (၂,၁၀၂) ခု | (၃၃၄) ဦး |

**ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ**

| စဉ် | Case | အသက် (နှစ်) | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-6777 | ၆၃ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၀-၉-၂၀၂၀) နံနက် (၃:၃၀) နာရီ |

*အဆိုပါလူနာသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၃၀) ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၅၅၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၂၉၂ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၅၅၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၂၉၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၇၂၉၂ ဦးအနက် သေဆုံးသူ ၁၃၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၀၈၅ ဦးနှင့် စက်တင်ဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၃၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၄၃၈၃ | ၇၂၉၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၀၈၅ | ၁၃၀ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၁၇၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၀၈၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၀၉၈၂၉၁ | ၄၃၄၇၁၇၂ | ၂၀၅၄၉၁ |
| ၂။ | အိန္ဒိယ | ၅၆၅၀၅၄၀ | ၄၅၈၇၆၁၃ | ၉၀၀၇၇ |
| ၃။ | ဘရာဇီး | ၄၅၉၅၃၃၅ | ၃၉၄၅၆၂၇ | ၁၃၈၁၀၅၉ |
| ၄။ | ရုရှား | ၁၁၂၂၂၄၁ | ၉၂၃၆၉၉ | ၁၉၇၉၉ |
| ၅။ | ကိုလံဘီယာ | ၇၇၇၅၃၇ | ၆၅၀၈၀၁ | ၂၄၅၇၀ |
| ၆။ | ပီရူး | ၇၇၆၅၄၆ | ၆၂၉၀၉၄ | ၃၁၅၈၆ |
| ၇။ | မက္ကဆီကို | ၇၀၅၂၆၃ | ၅၀၆၇၃၂ | ၇၄၃၄၈ |
| ၈။ | စပိန် | ၆၈၂၂၆၇ | စိစစ်ဆဲ | ၃၀၉၀၄ |
| ၉။ | တောင်အာဖရိက | ၆၆၃၂၈၂ | ၅၉၂၉၀၄ | ၁၆၁၁၈ |
| ၁၀။ | အာဂျင်တီးနား | ၆၅၂၁၇၄ | ၅၁၇၂၂၈ | ၁၃၉၅၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၉၄၅၉၁ | ၂၃၁၃၇၃ | ၅၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၂၅၇၃၈၈ | ၁၈၇၉၅၈ | ၉၉၇၇ |
| ၃။ | စင်ကာပူ | ၅၇၆၃၉ | ၅၇၂၆၂ | ၂၇ |
| ၄။ | မလေးရှား | ၁၀၅၀၅ | ၉၆၀၂ | ၁၃၃ |
| ၅။ | မြန်မာ | ၇၂၉၂ | ၂၀၈၅ | ၁၃၀ |
| ၆။ | ထိုင်း | ၃၅၁၄ | ၃၃၄၅ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၆၉ | ၉၉၁ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၅ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |



## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အသုံးပြုသည့် remdesivir ထိုးဆေးများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ Zydus cadila ဆေးကုမ္ပဏီမှ ထုတ်လုပ်ပြီး ကိုဗစ်–၁၉ ရောဂါကုသရေးတွင် အသုံးပြုသည့် remdesivir ထိုးဆေးများ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံး၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်ဘ်ကူမားက ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ remdesivir ထိုးဆေးများ ပေးအပ်လှူဒါန်းသည်။

“ ဒီဆေးက အိန္ဒိယနိုင်ငံမှာ ထုတ်လုပ်တာပါ။ လက်ရှိ အိန္ဒိယမှာလည်း ကိုဗစ်–၁၉ ရောဂါ ကုသရာမှာ အသုံးပြုနေပါပြီ။ ဒီဆေးက ကိုဗစ်–၁၉ ရောဂါ ပြင်းထန်စွာ ခံစားနေရတဲ့ လူနာတွေနဲ့ ရောဂါ အသင့်အတင့် ပြင်းထန်တဲ့ လူနာတွေကို ကုသတဲ့နေရာမှာ သုံးတာပါ ” ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်ဘ်ကူမား က “ အခု မြန်မာနိုင်ငံကို လှူဒါန်းတဲ့ ဆေးက အိန္ဒိယနိုင်ငံမှာရှိတဲ့ ဆေးဝါးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အတည်ပြုပြီး ကိုဗစ် –၁၉ ပြင်းထန်စွာ ခံစားနေရတဲ့ လူနာတွေကိုကုသဖို့ အိန္ဒိယမှာ ကျယ်ပြန့်စွာ အသုံးပြုနေပါတယ်။ ဒီလှူဒါန်းမှုက မြန်မာနိုင်ငံမှာ တည်ထောင်ဖွင့်လှစ်ထားတဲ့ Zydus အုပ်စုရဲ့ ကုမ္ပဏီခွဲ Alidac Healthcare Myanmar Ltd. က လှူဒါန်းခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ ဆေးဝါးများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကိုလည်း အလားတူ ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သိရသည်။

သတင်း– မင်းသစ်(MNA)၊ ဓာတ်ပုံ–ကြည်နိုင်ဦး

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက ရခိုင်ပြည်နယ် ကိုဗစ် - ၁၉ လုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် ကိုဗစ် –၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်စေတနာရှင်ပြည်သူများက အလှူငွေနှင့် ပစ္စည်းများကို စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ရခိုင်ပြည်နယ်အစိုးရထံသို့ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်ဖြင့် ပို့ဆောင်လှူဒါန်းရာတွင် ငွေကျပ် ၇၉၃၄၀၀၀ နှင့် ငွေကျပ် ၆၃၄၈၆၅၀၀ တန်ဖိုးရှိ လှူဒါန်းပစ္စည်းများမှ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၉၃၀၊ နှာခေါင်းစည်း ၁၃၁၆၇၀၊ မျက်မှန် ၂၂၆၄ ခု၊ လက်သန့်ဆေးရည် ၂၃၅၄၆ ဘူး၊ ခြေနင်းဘေးစင် လေးခု၊ Calsome ကွေကာ အထုပ် ၃၀၀၊ Tea Mix အထုပ် ၆၀၀၊ ရော်ဘာလက်အိတ် ၂၀၄၀၀၊ Face Shield ၃၃၂ ခု၊ Dettol ဆပ်ပြာတုံး ၁၀၀၊ ဆီ 0.9 Liter ၂၇၇၅ ဘူး၊ ပိုးသတ်မီးချောင်းခြောက်ချောင်း၊ လက်ညှစ်အသက်ရှူစက် လေးခု၊ ပိုးသတ်ဆေး ၁၂ ဘူး၊ အရက်ပြန် ၁၈ ဘူး၊ ကလိုရင်းအိတ် ၁၀၀၊ ရော်ဘာဖိနပ်ရှည် အစုံ ၂၂၀၊ Cap လေးဘူး၊ အဝတ်နှာခေါင်းစည်း ၁၅၅ ခု၊ အသက်ရှူစက် တစ်လုံး၊ Alcohol Pad ၃၂၀၀ တို့ဖြစ်ကြပြီး ၎င်းတို့အားမော်တော်ယာဉ်များဖြင့် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းမှစတင်ထွက်ခွာကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)




**ကိုဗစ် -၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း





ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ ဒုတိယအကြိမ်ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ပေးပို့လာသည့် ပုံစံ(၁၅) များကို သက်ဆိုင်ရာမြို့နယ်များက ဆန္ဒမဲပေးပိုင်ခွင့် ရှိ/မရှိ စိစစ်ပြီး သက်ဆိုင်ရာ မြန်မာသံရုံးများ၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ အချိန်မီ ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရုံး ၁၀ ရုံးမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၈ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များကို စက်တင်ဘာ ၁၈ ရက်တွင် ပထမအကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်စိစစ်ပြီးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၄၂၆ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းထံသို့ ယနေ့တွင် ဒုတိယအကြိမ်အဖြစ် လွှဲပြောင်းပေးအပ်သည်။

**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များသည် ဗန်ကောက်မြို့၊ စင်ကာပူမြို့၊ ဆိုးလ်မြို့နှင့် ကွာလာလမ်ပူမြို့တို့ရှိ မြန်မာသံရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ရောက်ရှိနေကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ရောက်ရှိနေကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် မဲဆန္ဒနယ်များတွင် ကြိုတင်ဆန္ဒမဲပေးရမည့် နေရာ၊ နေ့ရက်နှင့် အချိန်များကို သက်ဆိုင်ရာ မြန်မာသံရုံးအသီးသီးက အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံသို ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် မြန်မာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးတွင် ဖွင့်လှစ်ထားသည့် မဲရုံ၌ အောက်တိုဘာ ၄ ရက်မှ ၅ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲ ပေးနိုင်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်းနှင့် ဇေတဝန်ကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၁၁ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံ၊ ပိုလန်နိုင်ငံနှင့် ဖင်လန်နိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များသည် ဘာလင်မြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင် နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များသည် မနီလာမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၁၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ မဲရုံဖွင့်လှစ်ထားပြီး အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားမဲဆန္ဒရှင်များအနေဖြင့် ကွာလာလမ်ပူမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့သို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၃ ရက်မှ ၄ ရက်အထိနှင့် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား မဲဆန္ဒရှင်များနေဖြင့် နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့်မဲရုံတွင် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ကနေဒါနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် အော်တဝါမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားမဲဆန္ဒရှင်များအနေဖြင့် ဟန္နိုင်းမြို့ရှိ မဲရုံ၌ အောက်တိုဘာ ၄ ရက်နှင့် ဟိုချီမင်းမြို့ရှိ မဲရုံ၌ အောက်တိုဘာ ၁၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားမဲဆန္ဒရှင်များအနေဖြင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ဩစတြီးယားနိုင်ငံ၊ လစ်သူရေးနီးယားနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနှင့် အယ်လ်ဘေးနီးယားနိုင်ငံတို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ဗီယင်နာမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

အစ္စရေးနိုင်ငံနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားမဲဆန္ဒရှင်များအနေဖြင့် တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ ဖွင့်လှစ်ထားသည့် မဲရုံတွင် အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ရိယာဒ်မြို့သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် သံရုံးဥပစာအတွင်း ဖွင့်လှစ်ထားသည့်မဲရုံ၌ အောက်တိုဘာ ၁၀ ရက်တွင် နံနက် ၇ နာရီခွဲမှ ည ၇ နာရီခွဲအထိ ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်သည်။

ကြိုတင်ဆန္ဒမဲပေးမည့် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလာရောက်ပေးချိန်တွင် မြန်မာနိုင်ငံကူးလက်မှတ်(မူရင်း)ကို ယူဆောင်လာရမည်ဖြစ်ကြောင်းနှင့် ကြိုတင်မဲလက်မှတ်ထုတ်ပေးရာတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် တိုက်ဆိုင်စစ်ဆေးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**




## ကျိုက်ထိုမြို့နယ်၌ Cash For Work စီမံကိန်း ဆောင်ရွက်နေသည့် ကျေးရွာရှစ်ရွာ၌ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကျိုက်ထို စက်တင်ဘာ ၂၃**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ Cash For Work စီမံကိန်းကို ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကြောင့် ကျေးရွာရှစ်ရွာရှိ ပြည်သူ ၁၄၁၉ ဦး အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ ရရှိခဲ့သည်။ Cash For Work စီမံကိန်းသည် ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်၏ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်တစ်ခုဖြစ်ပြီး ပြည်သူများ ချက်ချင်းဝင်ငွေရရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် စီမံကိန်းဖြစ်ကြောင်းသိရသည်။

**ကြေးမုံ**




## ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့- ၂၀၂၀ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့- ၂၀၂၀ အထိမ်းအမှတ် အခမ်းအနား (Tourism and Rural Development Online Seminar) ကို Webinar စနစ်ဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးကျင်းပပုံများကို ယင်းနေ့တွင် https://facebook.com/ moht.mm/ နှင့် https://tourism.gov.mm/news/live-stream/ တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

✣

# တရုတ်နှင့် အမေရိကန်တို့ အားပြိုင်မှု၏ လွှမ်းမိုးမှုအောက်သို့ ကမ္ဘာကြီးမကျရောက်သင့်ဟု မက်ခရွန်ပြောကြား

**နယူးယောက် စက်တင်ဘာ ၂၃**

ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များအားလုံးအနေဖြင့် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့ကြား ပထဝီနိုင်ငံရေးအားပြိုင်မှုအောက်သို့ မကျရောက်သင့်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ကုလသမဂ္ဂ (၇၅)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား၌ အွန်လိုင်းမှတစ်ဆင့် ပြောကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံ ခေါင်းဆောင်တို့သည် မိမိတို့ပြောကြားလိုသည့် သတင်းစကားများကို ကြိုတင်ရိုက်ကူးကာ အွန်လိုင်းမှ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**ဝေဖန်ပြစ်တင်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ အစည်းအဝေးတွင် တရုတ်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ "တရုတ်နိုင်ငံက ကမ္ဘာကြီးဆီ ကပ်ရောဂါကို ဖြန့်ဝေလိုက်တာပါ" ဟူသော စကားရပ်ဖြင့် ထိုးနှက်ခဲ့သလို တရုတ်အနေဖြင့် အဆိုပါ ကိစ္စရပ်အတွက် တာဝန်ခံမှုရှိသင့်ကြောင်း ဝေဖန်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း တရုတ်နိုင်ငံအနေဖြင့် စစ်အေးတိုက်ပွဲရော လက်နက်ကိုင်တိုက်ပွဲပါ မည်သည့်နိုင်ငံနှင့်မျှ တိုက်ခိုက်ရန် ဆန္ဒမရှိကြောင်းနှင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းမှုအရှိန်မြှင့်တင်ရေးသာ လိုအပ်နေကြောင်းဖြင့် သမ္မတထရမ့်၏ စကားအပေါ် ပြန်လည်ချေပခဲ့သည်။

**စုပေါင်းအား လိုအပ်**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ကမ္ဘာကြီး ယခုလို အကျပ်အတည်းဆိုက်ရောက်နေသည့် အချိန်တွင် နိုင်ငံအချင်းချင်း ပိုမိုညီညွတ်ကြရန်နှင့် ပူးပေါင်းမှုအင်အားကသာ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်းနှင့် ပဋိပက္ခတွင် အမှန်တကယ်အနိုင်ရသူက ကိုရိုနာဗိုင်းရပ်စ်သာလျှင်ဖြစ်ကြောင်း မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဂူတာရက်စ်က အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား နိုင်ငံရေး လွန်ဆွဲပွဲမှတစ်ဆင့် စစ်အေးတိုက်ပွဲဖြစ်မည့်အနေအထားကို စိုးရိမ်နေသလို စီးပွားရေးအင်အားအကြီးဆုံး နှစ်နိုင်ငံ ခွာပြဲမည့်အနေအထားကလည်း ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေး ကြိုးစားမှုတွင် အတားအဆီးတစ်ရပ်ဖြစ်လာနိုင်ကြောင်းကို လည်း ထောက်ပြခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလွဲ့သင်း



ပြင်သစ်သမ္မတ မက်ခရွန်



# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစီအမံသစ်များ ချမှတ်ကြောင်း ဘောရစ်ဂျွန်ဆင် ကြေညာ

**လန်ဒန် စက်တင်ဘာ ၂၃**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် အစီအမံသစ်များကို ထပ်မံချမှတ်လိုက်ကြောင်း ကြေညာခဲ့သည်။

ဗြိတိန်နိုင်ငံ အာဏာပိုင်များက ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် တစ်ကျော့ပြန်လည်မြင့်တက်လာခဲ့ပြီး စက်တင်ဘာလအတွင်း တစ်ရက်တာကူးစက်မှုအရေအတွက်သည် လည်း ရံဖန်ရံခါ ၄၀၀၀ အထိ မြင့်တက်မှုရှိလာခဲ့သည်။

ထို့ကြောင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစီအမံသစ်များကို စက်တင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအစီအမံသစ်များထဲတွင် နိုင်ငံတစ်ဝန်းရှိ အရက်ဆိုင်များ၊ ဘားများနှင့် စားသောက်ဆိုင်များကို စက်တင်ဘာ ၂၄ ရက်မှစတင်ကာ ည ၁၀ နာရီတွင် ပိတ်ရန်လည်း ပါဝင်သည်။

မိမိတို့ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ကန့်သတ်ချက်များကို ထပ်မံချမှတ်သွားမည်ဖြစ်ကြောင်းလည်း ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။ ထို့ပြင် ရုံးဝန်ထမ်းများကိုလည်း ဖြစ်နိုင်ပါက မိမိနေအိမ်မှ အလုပ်လုပ်ရန်လည်း ဘောရစ်ဂျွန်ဆင်က တောင်းဆိုထားသည်။

ဗြိတိန်အစိုးရအနေဖြင့် အားကစားပြိုင်ပွဲများတွင် ပွဲကြည့်ပရိသတ်များအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များဖြေလျှော့ပေးမည့် အစီအစဉ်တစ်ရပ်ကိုလည်း ဆိုင်းငံ့ထားရန်လည်း ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ဗြိတိန်အစိုးရသည် ပွဲကြည့်ပရိသတ်များအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များကို ယခင်က အောက်တိုဘာလတွင် ဖြေလျှော့ပေးရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

ယခုချမှတ်လိုက်သည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအစီအမံသစ်များကို ခြောက်လကြာအထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်းလည်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၃၁၈၂၉၄၉၈ ဦး | သေဆုံးသူ ၉၇၆၃၅၀ ဦး | ပြန်လည် ကျန်းမာလာသူ ၂၃၄၃၁၂၄၃ ဦး |
|---|---|---|---|

# ကိုဗစ်-၁၉ ကပ်ရောဂါ ကျော်လွှားနိုင်ရေး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဂျီ-၂၀ အဖွဲ့အား အာဂျင်တီးနား တောင်းဆို

**ဗျူနိုအေးရိစ် စက်တင်ဘာ ၂၃**

အာဂျင်တီးနား နိုင်ငံခြားရေး၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ဘာသာရေးဝန်ကြီး ဖိလစ်ပီ ဆိုလာသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံစုံပါဝင်လာရေးအတွက် ဂျီ-၂၀ အဖွဲ့အား စက်တင်ဘာ ၂၂ ရက်တွင် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဂျီ-၂၀ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ကြီးများ၏ ဗီဒီယိုကွန်ဖရင့်အစည်းအဝေးတစ်ရပ်ကို ယခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးများကို ကျော်လွှားရန်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံစုံပါဝင်လာရေးသည် အလွန်အရေးပါသော လိုအပ်ချက်ဖြစ်ပါကြောင်း ဆိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာကြီးတွင် ယနေ့အချိန်၌ ပူးပေါင်းဆောင်ရွက်ခြင်းစိတ်ဓာတ်ရှိမှု လိုအပ်ပါကြောင်းနှင့် အာဂျင်တီးနားနိုင်ငံအနေဖြင့်လည်း လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတသောကုန်သွယ်ရေးကို ဆက်လက်အထောက်အကူပြုရန် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာဆက်လက်လုပ်ဆောင်သွားရန် အသင့်ရှိပါကြောင်း ဆိုလာက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် ဆေးဝါးကုသမှုများ တန်းတူညီမျှစွာရရှိရေး၏ အရေးပါမှုကိုလည်း ဆိုလာက မီးမောင်းထိုးပြခဲ့သည်။ အာဂျင်တီးနားနိုင်ငံသည် အက်စထရာဇီနီကာဆေးဝါးကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကို လက်တင်အမေရိကတွင် ဖြန့်ဖြူးနိုင်ရေးအတွက် မက္ကဆီကိုနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆိုလာက ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မည်သူတစ်ဦးတစ်ယောက်မှ မကျန်စေရဘဲ ဝယ်ယူနိုင်စွမ်းရှိမည့် ဈေးနှုန်းနှင့်အတူ ၂၀၂၁ ခုနှစ် ပထမသုံးလတာကာလအတွင်း လက်တင်အမေရိကတွင် ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဆိုလာက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ထိုင်းအစိုးရက ဝင်ငွေနည်းဘွဲ့ရများအတွက် ဒေါ်လာ ၆၂၅ သန်း ငွေကြေးမတည်

**ဗန်ကောက် စက်တင်ဘာ ၂၃**

တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းများမှ မကြာသေးမီက ဘွဲ့ရရှိသူ ၂၆၀၀၀၀ အတွက် အမေရိကန်ဒေါ်လာ ၆၂၅ သန်းနှင့်ညီမျှသော ဘတ် ၁၉ ဒသမ ၄၆ ဘီလီယံတန်ကြေးရှိ အလုပ်ခန့်အပ်ရေး အစီအစဉ်တစ်ခုကို ထိုင်းအစိုးရက စက်တင်ဘာ ၂၂ ရက်တွင် အတည်ပြုခဲ့သည်။

အဆိုပါ အစီအစဉ်အရ မကြာသေးမီက ဘွဲ့ရရှိသူများ၏ လစာ ၅၀ ရာခိုင်နှုန်းကို အစိုးရက ပေးချေရမည်ဟု အလုပ်သမားဝန်ကြီး ဆူချတ်ချွမ်ကလင်က အစိုးရအဖွဲ့ အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။ ယခုအစီအစဉ်က တစ်နှစ်ကြာမည်ဖြစ်ပြီး နောက်လတွင် စတင်မည်ဟု ၎င်းက ဆိုသည်။ အစီအစဉ်အတွက် ဘတ်ဂျက်ကို ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးပြန်လည်ကုစားရန် သတ်မှတ်ထားသည့် ဘတ် ၄၀၀ ဘီလီယံမှ သုံးစွဲမည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စီးပွားရေးပြန်လည်ကုစားရေး ငွေကြေးမတည်ရန် ထုတ်ချေးမှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ အစီအစဉ်အရ ငွေကြေးမတည်ထားသော စီမံကိန်းများကြီးကြပ်ရန် အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကောင်စီ (NESDC) က တာဝန်ရှိမည် ဖြစ်သည်။

အစီအစဉ်အရ ဘွဲ့ရရှိသူ၊ အဆင့်မြင့် အသက်မွေးဝမ်းကျောင်းများမှ သင်တန်းဆင်းလက်မှတ်ရရှိထားသူနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းလက်မှတ်ရှိသူဟူ၍ အုပ်စုသုံးခု ခွဲခြားထားသည်။ တက္ကသိုလ်ဘွဲ့ရများကို တစ်လလျှင် ဘတ် ၁၅၀၀၀၊ အဆင့်မြင့် အသက်မွေးဝမ်းကျောင်းများမှ သင်တန်းဆင်းလက်မှတ်ရှိသူများကို ဘတ် ၁၁၅၀၀ နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းလက်မှတ်ရှိသူများကို ဘတ် ၉၄၀၀ ပေး၍ ငှားရမ်းသည့် အလုပ်ရှင်များကို ထောက်ပံ့ကြေးပေးခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် အလုပ်သမား ၁၅ ရာခိုင်နှုန်းကျော် လျှော့ချခြင်းမရှိသည့် အလုပ်ရှင်များအနေဖြင့် ယခုထောက်ပံ့ရေးအစီအစဉ်ကို ရရှိမည်ဖြစ်သည်။ သတ်မှတ်ချက်ပြည့်မီသော ဘွဲ့ရများက အသက် ၂၅ နှစ် အောက် ထိုင်းနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် သို့မဟုတ် ယခုနှစ်အတွင်း ကျောင်းပြီးသူဖြစ်ရမည်ဖြစ်သည်။

နိုင်ငံတော် သက်သာချောင်ချိရေးကတ် ကိုင်ဆောင်သူများအတွက် လစဉ်ချီးမြှင့်ငွေများ တိုးမြှင့်ပေးရန် ဘတ် ၅၁ ဘီလီယံကို အစိုးရအဖွဲ့က မူအားဖြင့် အတည်ပြုခဲ့ပြီးဖြစ်သည်ဟု ဝန်ကြီးချုပ် ပရာယွပ်ချန်အိုချာက ပြောကြားခဲ့သည်။

ကိုးကား- ဗွီအင်န်အေ
ဘာသာပြန်-ကျော်ထိုက်စိုး

# ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းအေဂျင်စီ တည်ထောင်ရေး ဝန်ကြီးချုပ် ဆူဂါ တိုက်တွန်း



ဂျပန်ဝန်ကြီးချုပ်ဆူဂါ

**တိုကျို စက်တင်ဘာ ၂၃**

ဂျပန်ဝန်ကြီးချုပ်ဆူဂါက အစိုးရဝန်ဆောင်မှုများ ပြည်သူ့ထံသို့ လျင်မြန်ချောမွေ့စွာရောက်ရှိစေရေးအတွက် ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းအေဂျင်စီ တစ်ရပ် ထူထောင်ရေး ဥပဒေကြမ်းတစ်ရပ် လျင်လျင်မြန်မြန်ရေးဆွဲနိုင်ရန် အစိုးရအဖွဲ့ဝင်များကို ယနေ့တွင် တိုက်တွန်းလိုက်သည်။ ဝန်ကြီးအားလုံးတက်ရောက်ခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ၎င်းကျင့်သုံးမည့် မူဝါဒများကို မည်သို့မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို ရှင်းရှင်းလင်းလင်း ချပြခဲ့သည်။

**လျင်မြန်ထိရောက်သည့်ဝန်ဆောင်မှု**

ဆူဂါ၏ မူဝါဒအရ ဗဟိုအစိုးရနှင့် ဒေသအစိုးရများကြား ချိတ်ဆက်မှုအားကောင်းစေရေး၊ နိုင်ငံသားများအားလုံး စမတ်ဖုန်းတစ်လုံးဖြင့်ပင် အစိုးရဝန်ဆောင်မှုအားလုံးကို ရယူနိုင်ရေးအတွက် ဒစ်ဂျစ်တယ်လိုက်ဖေးရှင်း တိုးတက်ရေးက အခြေခံအကျဆုံးဖြစ်နေခြင်းဖြစ်သည်။ အသစ်ဖွဲ့စည်းမည့် အေဂျင်စီမှာ ပြည်သူ့အတွက် မှန်ကန်ထိရောက်သည့် ဝန်ဆောင်မှုများပို့ဆောင်ရေးတွင် အထောက်အပံ့ပြုနိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

**ဥပဒေကြမ်းတင်သွင်း**

ဆူဂါက အေဂျင်စီအသစ်တစ်ခုကို ဖွဲ့စည်းလိုပြီး အဆိုပါလုပ်ငန်းအတွက် အခြေခံအစီအမံကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ရေးဆွဲသွားရေးနှင့် လာမည့်နှစ်ဇန်နဝါရီတွင် ဥပဒေမူကြမ်းကို တင်သွင်းနိုင်ရေး ဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကြောင့် ဂျပန်နိုင်ငံ၏ ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းတိုးတက်မှုနှုန်း နှောင့်နှေးသွားခဲ့ရကြောင်း၊ လုပ်ငန်းစဉ်လည်ပတ်မှု မြန်ဆန်စေရေးအတွက် အားလုံးစုပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ ဒစ်ဂျစ်တယ်ပြောင်းလဲရေးဝန်ကြီး တာကုရာက စက်တင်ဘာလကုန်မှာပင် အထူးဆောင်ရွက်ရေးအဖွဲ့ (Task Force) ဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်တော့မည်ဖြစ်ကြောင်း အစည်းအဝေးအပြီးတွင် မီဒီယာများသို့ ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း**

# နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ဆန်ခါတင်စာရင်းကို စက်တင်ဘာ ၂၆ ရက်တွင် ကြေညာရန် ထရမ့် အတည်ပြု



**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးခန့်အပ်နိုင်ရေး အနီးစပ်ဆုံး အခြေအနေတစ်ရပ်တွင် ရောက်ရှိနေပြီး ဆန်ခါတင်စာရင်းကို စက်တင်ဘာ ၂၆ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။ စက်တင်ဘာ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည့် တရားသူကြီး ဂင်းစ်ဘတ်၏နေရာတွင် အစားထိုးရန်အတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်အပြီးတွင် မဲပေးရွေးချယ်မှုဖြင့် ဆုံးဖြတ်ကြမည်ဖြစ်သည်။

FOX ရုပ်သံနှင့် တွေ့ဆုံခန်းတွင် သမ္မတက "ကျွန်တော့် ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ဘယ်သူ့ကိုရွေးချယ်မလဲဆိုတာ ဆုံးဖြတ်ပြီးပါပြီ။ လာမယ့်စနေနေ့ကျ ဒီဆုံးဖြတ်ချက်ကို ကြေညာပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။ မူအရ တရားရုံးချုပ် တရားသူကြီးဆန်ခါတင်စာရင်းထုတ်ပြန်ရေး လုပ်ငန်းစဉ်အတွက် ရက်ပေါင်း ၇၀ အချိန်ယူလေ့ရှိသော်လည်း သမ္မတထရမ့်ကမူ နိုဝင်ဘာ ၃ ရက် သမ္မတရွေးကောက်ပွဲမတိုင်မီပင် ကြေညာသွားရန် စီစဉ်နေခြင်းဖြစ်သည်။ ယခုခန့်အပ်မည့် တရားသူကြီးကို ရီပတ်ဘလီကန်ပါတီဝင် တစ်ဦးကိုသာ ရွေးချယ်ရန် သမ္မတထရမ့်က ဆန္ဒရှိနေသလို အထက်လွှတ်တော်တရားရေးကော်မတီဥက္ကဋ္ဌ ဂရေဟမ်ကလည်း ရီပတ်ဘလီကန်တစ်ဦးသာ မဲပေးရွေးချယ်ခံရမည်ဟု ခန့်မှန်းချက်ထုတ်ခဲ့သည်။

သမ္မတထရမ့်က အမျိုးသမီးငါးဦးကို ယေဘုယျရွေးချယ်ထားပြီး အဆိုပါငါးဦးထဲမှ နှစ်ဦးကို ဆန်ခါတင်အဖြစ် လာမည့်စက်တင်ဘာ ၂၆ ရက်တွင် ကြေညာသွားမည်ဟု ပြောကြားသည်။ သမ္မတထရမ့်သည် ပြီးခဲ့သည့် ရက်ပိုင်းကပင် တရားသူကြီး အေမီကော်နေဘားရက်နှင့် အိမ်ဖြူတော်တွင် တွေ့ဆုံခဲ့ရာ အဆိုပါ အမျိုးသမီးမှာ ဆန်ခါတင်စာရင်းတွင် သေချာပေါက်ပါဝင်မည်ဟု ထင်ကြေးပေးခံနေရသည်။

ဘားရက်သည် လက်ရှိတွင် အမေရိကန် အယူခံတရားရုံးတွင် တာဝန်ထမ်းဆောင်နေပြီး တရားသူကြီး အန်တိုနီယိုစကာလီယာလက်အောက်တွင် လုပ်ကိုင်ခဲ့ဖူးသလို အမျိုးသမီးများ ကိုယ်ဝန်ဖျက်ချမှုကို ဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူတစ်ဦးလည်း ဖြစ်သည်။

**ကိုးကား-အေဘီစီ**
**ဘာသာပြန်-မေလွဲ့သင်း**

## တူရကီနှင့်ဂရိ ဆွေးနွေးမှုပြန်စမည်

**အေသင် စက်တင်ဘာ ၂၃**

တူရကီနှင့်ဂရိတို့ကြား မြေထဲပင်လယ် အရှေ့ပိုင်း ရေပိုင်နက် အငြင်းပွားမှုကိစ္စရပ်ကို ဆွေးနွေးမှုများ ပြန်လည်စတင်ရန် နှစ်နိုင်ငံကြား သဘောတူခဲ့ကြကြောင်း သိရသည်။ ဩဂုတ်လအတွင်း တူရကီ သုတေသနရေယာဉ်သည် စစ်သင်္ဘောများနှင့်အတူ ဂရိပိုင်ကျွန်းအနီး ရေပိုင်နက် အငြင်းပွားနေသည့်နေရာအထိ ဝင်ရောက်ခဲ့ပြီးနောက် ဥရောပသမဂ္ဂ (အီးယူ)နှင့် ဂရိတို့ဘက်က တူရကီ၏လုပ်ရပ်ကို ရပ်တန့်ရန် သုံးကြိမ်တိုင် သတိပေးခဲ့ပြီးနောက် နှစ်နိုင်ငံကြား တင်းမာမှုများ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တူရကီသမ္မတ အာဒိုဂန်၊ ဂျာမနီဝန်ကြီးချုပ် မာကယ်လ်နှင့် ဥရောပကောင်စီအကြီးအကဲ ချားစ်မစ်ချယ်တို့ ဗီဒီယိုကွန်ဖရင့် ဆွေးနွေးမှုအပြီး၌ ဂရိနှင့် ဆွေးနွေးမှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း တူရကီသမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-မေလွဲ့သင်း**

# ကိုဗစ်-၁၉ ရောဂါနှင့် အခြားသော ကမ္ဘာ့စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် ဆူဂါနှင့် မာကယ်တို့ သဘောတူညီ

**တိုကျို စက်တင်ဘာ ၂၃**

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြားသောကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နီးကပ်စွာ အတူတကွပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ဂျပန်နိုင်ငံ၏တောင်းဆိုမှုအရ စက်တင်ဘာ ၂၂ ရက်တွင် မိနစ် ၂၀ ကြာ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးစဉ်တွင် ဂျပန်ဝန်ကြီးချုပ် ဆူဂါကမာကယ်၏ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ဂျပန်နိုင်ငံအနေဖြင့်လည်း ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေး ပိုမိုခိုင်မာရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် မာကယ်ကလည်း နှစ်နိုင်ငံအကြား ကောင်းမွန်သောဆက်ဆံရေးကို ပိုမိုအဆင့်မြှင့်တင်ရန် ရှေ့ဆက်ပြီး ဆူဂါနှင့် အတူတကွလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် လွတ်လပ်ပြီး ပွင့်ပွင့်လင်းလင်းရှိသော အင်ဒို-ပစိဖိတ်ဒေသဖြစ်လာရေးတွင် အတူတကွ လက်တွဲဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။

ထို့နောက် ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဥရောပကောင်စီဥက္ကဋ္ဌ ချားစ်မစ်ချယ်နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ပြီး ဥရောပသမဂ္ဂနှင့် စီးပွားရေးဆိုင်ရာ မိတ်ဖက်ဖြစ်မှု သဘောတူညီချက်သည် ဂျပန်နှင့် ဥရောပအကြား ဆက်ဆံရေးကို တောင့်တင်းခိုင်မာစေခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ဆူဂါနှင့် ချားစ်မစ်ချယ်တို့သည် လွတ်လပ်သော ကုန်သွယ်ရေး၊ ရာသီဥတုပြောင်းလဲရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**





# အမေရိကန်၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ နှစ်သိန်းကျော်ပြီဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ နှစ်သိန်းကျော်ခဲ့ပြီဖြစ်သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်သော အစီရင်ခံစာတွင် ကိုရိုနာဗိုင်းရပ်စ် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီးနောက် ရောဂါဖြစ်ပွားသူ ၆ ဒသမ ၈၆ သန်းနှင့် သေဆုံးသူ ၂၀၀၀၀၅ ဦးရှိကြောင်း ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာ့နံပါတ်(၁)နေရာ၌ ရှိနေသလို သေဆုံးမှုတွင်လည်း ဘရာဇီး ၁၃၇၂၇၂ ဦးနှင့် အိန္ဒိယ ၈၈၉၃၅ တို့ထက် မြင့်မားကာ နံပါတ်(၁)နေရာတွင် ရပ်တည်နေခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေမှာ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထိ ရှိနေခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-မေလွဲ့သင်း**

# ဒီပဲယင်းမြို့နယ်၌ စပါးစိုက်ခင်းဧက ၅၀ အတွင်း ငါးမျိုးများစိုက်ထည့်



**စစ်ကိုင်း စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတ တိုးပွားစေရေး၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးရေးနှင့် ကျေးလက်နေပြည်သူများ စပါးရိက္ခာ/ငါးရိက္ခာ တိုးပွားစေရေးတို့အတွက် ရည်ရွယ်၍ ဒီပဲယင်းမြို့နယ် စပါးစိုက်ခင်း ဧက ၅၀ အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအား ယမန်နေ့ နံနက် ၉ နာရီ၌ ဒီပဲယင်းမြို့နယ် ဝဘာရွာမကွင်း ကွင်းအမှတ်(၂၀၄၂) တောင်သူဦးတင့်ဆောင်၏ မိုးစပါးစိုက်ခင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် တောင်သူဦးတင့်ဆောင်၏ လယ် ရှစ်ဧကနှင့် ဆက်စပ်လျက်ရှိသော တောင်သူ ၁၁ ဦးပိုင် စပါးစိုက်ခင်းဧက ၅၀ အတွင်းသို့ ရေဦး ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးငါးသားပေါက် ကောင်ရေ ၂၁၅၀၀ နှင့် ရွှေဝါငါးကြင်းငါးသားပေါက် ကောင်ရေ ၃၅၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀ ကို စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေးအတွက် ဒီပဲယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးနှင့် ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်နိုင်တို့က ငါးသားပေါက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီနယ်မြေ၌ ငါးမျိုးစိုက်ထည့်မှု ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၃**
နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေး၊ ဒုတိယတိုင်းဦးစီးမှူး ဦးဇော်လင်းမြင့်၊ ဥတ္တရခရိုင် ဦးစီးဌာနမှူး ဦးဇော်သန်း၊ ရေဆင်းငါးလုပ်ငန်းတာဝန်ခံ ဦးစိုးပိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ ဆည်မြောင်းဦးစီးဌာနမှ AE ဦးချစ်ကြည်မောင်နှင့် ဝန်ထမ်းများသည် ယနေ့တွင် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့သည်။ ရေဆင်းငါးလုပ်ငန်းစခန်းအနေဖြင့် နေပြည်တော်အတွင်း ငါးသားပေါက်ကောင်ရေ ၁၈၂ ဒသမ ၄ သိန်း မျိုးစိုက်ရန်လျာထားချက်ရှိပြီး ရာနှုန်းပြည့်မျိုးစိုက်ထည့်ပြီးကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၈၈ စီး၊ သွင်းကုန် ၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၉၂ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Cooking Oil (Gaysom) (5 L x 4 Bot) (16 Pkgs), Cooking Oil (Gaysom) (2 L x 6 Bot) (10 Pkgs)အား သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**




## နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် နောင်ချိုမြို့နယ် ငှက္ခလေးကျေးရွာအုပ်စု ငှက္ခလေးကျေးရွာနေ ကျော်ဇင်ထွေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀၊ ဘိန်းဖြူ သုည ဒသမ ဝ၆၃ ကီလို၊ ငွေကျပ် ၇၈၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဟန်ထွန်းဇော် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီရဲမှူး)ထွန်းထွန်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက်က ဇီးကုန်းမြို့ ရန်ကုန်-ပြည်ကားလမ်းဘေးရှိ အထက(ဇီးကုန်း) ကျောင်းတွင် ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ အောင်သူနိုင်(ပဲခူး)

# ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန် နှစ်နေရာ၌ မီးလောင်မှုများဆက်တိုက်ဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) နှင့် မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်တို့၌ ယနေ့ နံနက်အစောပိုင်းကမီးလောင်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေ ပိုင်ရှင် ဦးဇော်မျိုးအောင်၏ ဝေယံအောင်ကုမ္ပဏီကြက်သားလှီးအအေးခန်းလုပ်ငန်း RC တစ်ထပ်တိုက်မျက်နှာစာရှေ့ခြမ်းရှိ အကျယ်အဝန်း(၁၅x၆၀)ပေအပေါ်ထပ် အုတ်ကာထားသောအခန်းမှ အကျယ်အဝန်း(၈x၁၀)ပေရှိသည့်ရုံးခန်းအတွင်း အဲကွန်း Safe Guard ချို့ယွင်း၍ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် CHIGO အမျိုးအစား အဲကွန်းတစ်လုံး၊ ကွန်ပျူတာတစ်စုံ၊ Safe Guard တစ်လုံး၊ သစ်သားစားပွဲတစ်လုံးနှင့် ပစ္စည်းတင်သံစင်တစ်ခုတို့ မီးလောင်ခဲ့ရကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၈ နာရီခွဲက မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန် (၂)လမ်း အကွက်အမှတ်(၅၉)ရှိ မစ္စတာ Ngo Van Hung ပိုင်ဆိုင်သော အကျယ်အဝန်း တစ်ဧကခန့်ရှိ BANA ဆက်သွယ်ရေးမြေအောက်သုံး ကေဘယ်ပိုက်များနှင့် သွပ်ရည်စိမ်ထုတ်လုပ်သည့်စက်ရုံရှိ Zinc တုံးများ အရည်ဖျော်သည့် ကန်တွင် Zinc ရည်များ ပေါက်ကျပြီး မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အပူပေးမော်တာလေးလုံး မီးလောင်ဆုံးရှုံးခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းပိုင်ရှင်နှစ်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ပွင့်သစ္စာ**

# ထီးချိုင့်မြို့နယ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

**ကသာ စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စစ်ဆေးရေးဂိတ်တွင် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်ခန့်က ထီးချိုင့်မြို့မ ရဲစခန်းမှ ဒုရဲအုပ်စိုးမိုးလှိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ မော်တော်ယာဉ်များကို စစ်ဆေးနေစဉ် ဗန်းမော်မှ မန္တလေးသို့ ယာဉ်မောင်းဟိန်းထက်အောင် မောင်းနှင်လာသော မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရသဖြင့် ယာဉ်မောင်း ဟိန်းထက်အောင်အား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၄၅ ရက်သာ**

လိုတော့သည်။

## ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✔) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

### ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ





မှတ်ချက်။ အထက်ဖော်ပြပါ ပုံစံများသည် နမူနာပုံစံအချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ဖြစ်သည်။

## ပြည်တွင်းရှိသက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်နေရာ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက် ပေးပို့သွားရန်။

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဘက်တီယာန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မဲဆန္ဒရှင်မိဘပြည်သူများ မင်္ဂလာအပေါင်းခညောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သန္တတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဘက်တီယာန်း ဖြစ်ပါတယ်။

ကျွန်မတို့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ဟာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တို့တွင် ရွေးကောက်ပွဲဝင်ဖို့ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှာ ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်ထားပြီးဖြစ်ပါတယ်။

ပါတီ မူဝါဒ သဘောတရားနှင့် ၂၀၂၀ ရွေးကောက်ပွဲ ကြေညာစာတမ်းကို မတင်ပြမီ ကျွန်မတို့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ရဲ့ အလံနှင့်တံဆိပ်ကို ရှင်းပြလိုပါတယ်။ အလံ၏ အောက်ခံအရောင်မှာ အနီရောင်နှင့် ကြယ်ဖြူတစ်လုံးဘက်သို့ ဦးတည်နေသော အဖြူရောင်ဒူးလေး ဖြစ်ပါတယ်။

ယနေ့ မဲဆန္ဒရှင်ပြည်သူများအတွက် သတိပြုရန် ကျွန်မတို့ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံနှင့် အမှတ်တံဆိပ်ချင်း ဆင်တူယိုးမှား အမှတ်တံဆိပ်များ ရှိလာနိုင်သောကြောင့် အလံ၏ အောက်ခံအရောင်မှာ အနီရောင်ဖြစ်ပြီး ကြယ်ဖြူတစ်လုံးနှင့် အဖြူရောင် ဒူးလေးတံဆိပ်ကသာ ကျွန်မတို့ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) အမှတ်တံဆိပ်ဖြစ်ကြောင်း အသိပေးလိုပါတယ်။

ကျွန်မတို့လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)အလံရဲ့ အဓိပ္ပာယ်ကို ရှင်းပြလိုပါတယ်။ အလံရဲ့ အောက်ခံအနီရောင်ဟာ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ နိုးကြားခြင်း၊ တက်ကြွခြင်း၊ ပြတ်သားခြင်းကို ပုံဆောင်ပါတယ်။ အဖြူရောင်ဒူးလေးဟာ လီဆူအမျိုးသားတို့ကို ရည်ညွှန်းသော အမှတ်သင်္ကေတဖြစ်ပြီး အဖြူရောင်ဟာ စင်ကြယ်ခြင်း၊ ရိုးသားခြင်း၊ တည်ကြည်ခြင်း၊ အေးချမ်းခြင်း၊ သစ္စာရှိခြင်းတို့ကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ လက်ဝဲဘက်ထိပ်ရှိ ကြယ်ဖြူတစ်လုံး၏အဓိပ္ပာယ်ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအရေး အခန်းကဏ္ဍသို့ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)က ပါဝင်ချီတက်နေခြင်း သဘောဆောင်ပါတယ်။

ကျွန်မတို့ပါတီက ချမှတ်ထားတဲ့မူဝါဒများကို ဆက်လက်ဖော်ပြလိုပါတယ်။

**၁။ နိုင်ငံရေးမူဝါဒ**

(က) နိုင်ငံတော်အတွင်း၌ သူတစ်ပါးအား ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေဘဲ လွတ်လပ်စွာပြုမူနေထိုင်ခြင်း၊ ဖွင့်ဟဖော်ထုတ်ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ တီထွင်ဖန်တီးခြင်း စသည်တို့ကို ကျင့်သုံးလျက် ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်ရန်ဖြစ်ပါတယ်။

(ခ) ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေး အတတ်ပညာ/အသိပညာရှင်များပေါ်ပေါက်စေရန် ရည်ရွယ်ပါတယ်။

(ဂ) နိုင်ငံသား၊ တိုင်းရင်းသားအားလုံး၏အခြေခံရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားရရှိစေရန်ဆောင်ရွက်သွားပါမည်။

(ဃ) တောင်တန်းမြေပြန့်မခွဲခြားဘဲ နိုင်ငံသား တိုင်းရင်းသားများ အချင်းချင်း တန်းတူအခွင့်အရေးရရှိစေရန် ဆောင်ရွက်ပါမည်။

(င) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုတို့ကိုတိုက်ဖျက်၍ ပြန်လည်ထူထောင်ရေးအစီအစဉ်များ ဆောင်ရွက်ပါမည်။

(စ) မိမိတို့ လီဆူအမျိုးသားအရေးကိုအခြေခံ၍ အခြားတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဆ) လီဆူအမျိုးသားတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုထုံးတမ်းဓလေ့၊ သမိုင်းတို့ကိုဖော်ထုတ်၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ဆောင်ရွက်ပါမည်။

**၂။ စီးပွားရေးမူဝါဒ**

လွတ်လပ်၍တရားမျှတမှုရှိသော ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးသွားပါမည်။

**၃။ ပညာရေးမူဝါဒ**

(က) နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်နှင့်ကိုက်ညီသော ကိုယ်ပိုင်တွေးခေါ်နိုင်မှုကို အားပေးကူညီသွားပါမည်။

(ခ) ကျေးလက်နှင့် မြို့ပြအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရန် လိုအပ်သောအစီအမံများကို ဖြည့်ဆည်းဆောင်ရွက်သွားပါမည်။

**၄။ ကျန်းမာရေးမူဝါဒ**

(က) လူတိုင်းလက်လှမ်းမီ၍ လွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဖော်ဆောင်သွားပါမည်။

(ခ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးပညာကဏ္ဍ အဆင့်အတန်းမြင့်မားပေါ်ထွန်းစေရေး ဆောင်ရွက်ပါမည်။

**၅။ ဘာသာရေးမူဝါဒ**

နိုင်ငံသားတိုင်း မိမိသက်ဝင်ယုံကြည်ကိုးကွယ်ရာဘာသာအား လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အလေးထားပါမည်။

**၆။ လူငယ်ရေးရာမူဝါဒ**

အနာဂတ်၏ ခေါင်းဆောင်ကောင်း လူငယ်များအား နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွင် စွမ်းရည်မြင့်မားစေရေး အားထုတ်ကြိုးပမ်း ဆောင်ရွက်ပါမည်။

**၇။ ကျားမတန်းတူရေးမူဝါဒ**


နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှု မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ပါမည်။

**၈။ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ**

သဘာဝသယံဇာတ ပြုန်းတီးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားပါမည်။

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)ရဲ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကြေညာစာတမ်းကို မဲဆန္ဒရှင်ပြည်သူများထံသို့ ဆက်လက်တင်ပြသွားပါမည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း**



၁။ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ကြိုးပမ်းမည်။

၂။ မြို့ပြနှင့် ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေများကို ထိရောက်ကောင်းမွန်အောင် ပြင်ဆင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၄။ ဒေသခံတိုင်းရင်းသားများ ဝန်ထမ်းရေးရာကဏ္ဍများတွင် အခြေခံဝန်ထမ်းအဆင့်နှင့် တိုက်ရိုက်ဖြေဆိုခန့်အပ်နိုင်သော အရာရှိဝန်ထမ်းများ ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

၅။ တိုင်းရင်းသားအချင်းချင်းကြား လွှမ်းမိုးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ နိုင်လိုမင်းထက်ပြုခြင်းနှင့် မိမိဆန္ဒမပါဘဲ အတင်းအဓမ္မပါဝင်စေခြင်းမရှိစေရန် ကြိုးပမ်းဆောင်ရွက်မည်။

၆။ သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်မည်။

၇။ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့်မသန်စွမ်းသောသူများအား အထူးကူညီစောင့်ရှောက်နိုင်ရန်နှင့် ၎င်းတို့၏အခွင့်အရေးနှင့် ရပိုင်ခွင့်များအား မြှင့်တင်ဆောင်ရွက်မည်။

၈။ လူငယ်များ၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာသန်စွမ်းရေးနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍမြင့်မားလာရန် ကြိုးပမ်းဆောင်ရွက်မည်။

၉။ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ(IDPs)များအတွက် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို တတ်စွမ်းသည့်အားဖြင့် ပူးပေါင်းဆောင်ရွက်မည်။

ကျွန်မတို့ပါတီရဲ့ ၂၀၂၀ ရွေးကောက်ပွဲ အောင်နိုင်ရေးဆောင်ပုဒ်သည် **"တန်းတူညီမျှတိုးတက်ဖို့ ဒူးလေးပါတီကို မဲပေးစို့"**ဖြစ်သည်နှင့်အညီ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ပကာသနကိုမခွဲ၊ တောင်ပေါ်မြေပြန့်မခွဲ တန်းတူဆောင်ရွက်ပေးမည့် အနီရောင်အပေါ်က ကြယ်ဖြူပါ အဖြူရောင်ဒူးလေးကို မဲပေးကြပါစို့လို့ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်မတို့လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် ပါတီသမိုင်းလည်း ကောင်း၊ တန်းတူညီမျှမှုကို အခြေခံသော မူဝါဒလည်းရှိ၊ ဝင်အရွေးခံကြမည့် ပုဂ္ဂိုလ်များလည်း အရည်အချင်းပြည့်မီသူများဖြစ်ကြပြီး မိမိလူမျိုး မိမိဒေသ၊ မိမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်ဝပြောရေးကို ဆောင်ရွက်မည့် ပါတီဖြစ်သည့်အပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကို တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်မည့် ပါတီဖြစ်ပါသဖြင့် မိဘပြည်သူများ၏ အသည်းကြားက မဲတစ်ပြားကို ယုံကြည်စွာမဲပေးကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ် လိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

## သရက်ချောင်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**သရက်ချောင်း စက်တင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် သရက်ချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှုထိုက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက အချိန်မီဖြေရှင်းနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်သဉ္ဇာလွင်နှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများ အနေဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများ၊ တာဝန်ရှိသူများနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ဝင်များက အသီးသီးဆွေးနွေးပြောကြားရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပြောကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျိုက်မရောမြို့နယ်၌ မဲရုံပေါင်း ၉၈ ရုံဖြင့် ကျင်းပသွားမည်

**ကျိုက်မရော စက်တင်ဘာ ၂၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဲရုံပေါင်း ၉၈ ရုံဖြင့် ကျင်းပသွားမည်ဖြစ်ပြီး လုံခြုံရေးအရ ရွေးကောက်ပွဲမကျင်းပနိုင်သော ရပ်ကွက်/ကျေးရွာအုပ်စုမရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ကျိုက်မရောမြို့နယ်၌ တစ်သီးပုဂ္ဂလ နှစ်ဦး အပါအဝင် နိုင်ငံရေးပါတီ ကိုးခုမှ ကိုယ်စားလှယ်လောင်း ၂၇ ဦး ဝင်ရောက်အရွေးချယ်ခံယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၄ ရက်အထိ ပထမအကြိမ် ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းအရ ၁၈၀၇၄၃ ဦးရှိပြီး ဒုတိယအကြိမ် ထုတ်ပြန်မည့်မဲစာရင်းတွင် မဲဆန္ဒရှင်ဦးရေ ၁၈၀၇၈၁ ရှိကာ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာမည့်ရက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့တွင် ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကျိုက်မရောမြို့နယ်တွင် မသန်စွမ်းသူဦးရေ ၃၆၇ ဦးရှိပြီး လေဖြတ်ဝေဒနာခံစားထားရသူ ၄၄ ဦးရှိရာ ၎င်းတို့၏ အခွင့်အရေးအရ ကြိုတင်မဲစနစ်ဖြင့် ဆန္ဒမဲပေးလိုပါက ပေးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၁၉၆ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျိုက်မရောမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်အိသဲလင်းထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်တိုင်းရင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**ထားဝယ်တိုင်းရင်းသားများပါတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**တိုင်းရင်းသား ပြည်သူများခင်ဗျား**

ပြည်ထောင်စု မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနဲ့ ထားဝယ်တိုင်းရင်းသား၊ ထားဝယ်သူ ထားဝယ်သားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်လိုက်ပါတယ်။

ကျွန်တော်ကတော့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ ဒုတိယဥက္ကဋ္ဌ မောင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ထားဝယ်တိုင်းရင်းသား၊ ထားဝယ်သူ ထားဝယ်သားတွေရဲ့ တူညီသောတရား၊ တူညီသော အခွင့်အရေးနဲ့ တူညီသောအဆင့်အတန်းအတွက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ဒီလို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပါတီကိုယ်စား ရွေးကောက်ပွဲဆိုင်ရာ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီလို မတင်ပြခင်မှာ ကျွန်တော်များ ထားဝယ်တိုင်းရင်းသားများ ပါတီရဲ့ သမိုင်းကြောင်းကို အကျဉ်းချုပ်ရှင်းပြလိုပါတယ်။

ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားတွေ၊ ထားဝယ်သူ ထားဝယ်သားတွေဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေး စတင်လှုပ်ရှားစဉ်ကတည်းက ပါဝင်လာခဲ့ကြသူတွေပါ။ ဒီနောက်မှာတော့ ခေတ်အဆက်ဆက် အာဏာရှင်လက်အောက်ကနေ လွတ်မြောက်ရေး၊ ဒီမိုကရေစီအရေးတို့မှာ အခြားတိုင်းရင်းသားတွေနဲ့ လက်တွဲ တိုက်ပွဲဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

ဘယ်လောက်ထိလဲဆိုရင် ကိုယ့်လူမျိုးအရေး၊ ကိုယ့်ဒေသအရေးကိုတောင် နောက်မှာထားပြီး တစ်တိုင်းပြည်လုံးအရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြသူတွေပါ။

ယခုလို ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ် တည်ဆောက်နေတဲ့ ကာလမှာ တစ်တိုင်းပြည်လုံးအရေးလည်း ဆောင်ရွက်ရပါမယ်၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်ဒေသအရေးလည်း နောက်ကျမကျန်စေရဘူးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၂၀၁၃ ခုနှစ်မှာ ထားဝယ်တိုင်းရင်းသားများပါတီကို စတင်ထူထောင်ခဲ့ပါတယ်။

တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံမှာ ဖက်ဒရယ်စနစ်သည်သာ လျှင် အသင့်တော်ဆုံးပါ။ ဒါကြောင့် တစ်ဖက်မှာ ဒီမိုကရေစီစနစ် အုတ်မြစ်ချစဉ်မှာပဲ အခြားတစ်ဖက်မှာလည်း တိုင်းရင်းသားတို့ တန်းတူညီမျှမှု၊ အဆင့်အတန်းတူညီမှုတို့ တစ်ပါတည်း တွဲပါလာရမှာဖြစ်ပါတယ်။

ဒါပေမယ့် စိတ်မကောင်းစရာကတော့ ခေတ်အဆက်ဆက် မြန်မာတစ်နိုင်ငံလုံးအတွက် အမြဲတစေ စဉ်းစားလုပ်ဆောင်ခဲ့တဲ့ ကျွန်တော်တို့ ဒေသသား၊ ကျွန်တော်တို့လူမျိုးတွေဟာ နောက်ကျကျန်နေခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးမှာ နောက်ကျတယ်၊ လူမျိုးဂုဏ်သိက္ခာအရလည်း တန်းတူရည်တူမရှိဘူး။ လူမှုစီးပွားရေးမှာလည်း အခက်အခဲတွေ ဖြစ်နေရပါတယ်။

ပထမဆုံး လူမှုစီးပွားရေးကိစ္စကို တင်ပြချင်ပါတယ်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စီးပွားရေး ရေခံမြေခံကောင်းတွေ လိုပါတယ်။ လမ်း၊ တံတားလိုမျိုး အခြေခံအဆောက်အအုံတွေအပြင် လျှပ်စစ်မီးဟာ အလွန်ကို အရေးပါပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်ဖို့ လျှပ်စစ်မီးဟာ မဖြစ်မနေ လိုအပ်ပါတယ်။

ဥပမာတစ်ခု တင်ပြပါ့မယ်။ ဒါကတော့ လျှပ်စစ်ခတ်အားကိစ္စပါ။ အခြားတိုင်းနဲ့ ပြည်နယ်တွေမှာ လျှပ်စစ်တစ်ယူနစ်ကို ၃၅ ကျပ် ဆိုပေမယ့် ကျွန်တော်တို့ ဒေသမှာ အနည်းဆုံးတစ်ယူနစ် ၂၀၀ ကျပ်ကနေ အချို့ကျေးရွာတွေမှာဆိုရင် ထောင်ချီပေးနေရတာမျိုးရှိပါတယ်။

အခုဆိုရင် ပွင့်လင်းလာတာနဲ့အမျှ ကျွန်တော်တို့ဒေသမှာ ခရီးသွားလုပ်ငန်းကို အမှီပြုပြီး လုပ်ငန်းလုပ်ကိုင်သူများပြားလာပါတယ်။ ဒါပေမယ့် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ လျှပ်စစ်ခတ်အားခ တစ်လတစ်လကို သိန်းဆယ်ချီပြီး ပေးနေရလို့ လုပ်ငန်းလုပ်ကိုင်ရတာ အခက်အခဲ ဖြစ်နေကြပါတယ်။ အခုလိုမျိုး ခက်ခဲတဲ့ ကိုဗစ်ကပ်ဘေးကာလမှာဆိုရင် လုပ်ငန်းရပ်မသွားအောင် တော်တော်လေးကို ရုန်းကန်နေရတဲ့ အနေအထားရောက်နေပါတယ်။

ဒါကြောင့် အခုအချိန်မှာ ကျွန်တော်တို့က တစ်တိုင်းပြည်လုံး ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ဖို့လည်း လုပ်ရမယ်။ နောက်ပြီး ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအရေးလည်း တစ်ပြိုင်တည်း တွဲပါအောင် လုပ်ရပါမယ်။

ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ဝင်ရောက်ယှဉ်ပြိုင်တဲ့အချိန်မှာ ရွေးချယ်ထားတဲ့ ဆောင်ပုဒ်က **“ဒီမိုကရေစီလည်း ပန်းတိုင်ရောက်၊ ထားဝယ်တွေလည်း ခရီးပေါက်”** ဆိုတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီလည်း ပန်းတိုင်ရောက်ရမယ်၊ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားတွေ၊ ထားဝယ်သူ ထားဝယ်သားတွေရဲ့ အိပ်မက်အသီးသီးလည်း ခရီးပေါက်ရမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသား ပြည်သူများ၊ ထားဝယ်သူ၊ ထားဝယ်သားများ ခင်ဗျား**

အခုအချိန်မှာ ကျွန်တော်တို့ ညီညွတ်ဖို့ အချိန်တန်ပြီ။ မျက်နှာသစ်ဖို့ အချိန်တန်ပြီလို့လည်း ပြောကြားချင်ပါတယ်။

ကိုယ့်လူမျိုးအရေး၊ ကိုယ့်ဒေသအရေးကို ကိုယ်တိုင်အားစိုက် လုပ်မှရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ထားဝယ်တွေ ပြောပြောနေကျ ဘွားရှင်မရှူး စကားလိုပဲ ကိုယ်လိုကိုယ်လောက် ကိုယ်လောက်မှ ကိုယ်ရမယ်။

ဒီမိုကရေစီအရေးကိုလည်း တိုက်ပွဲဝင်ရင်း၊ ထားဝယ်အရေးကိုလည်း ချန်ခဲ့လို့မရပါဘူး။ ထားဝယ်တွေ ကျန်နေခဲ့လို့ မရပါဘူး။ ထပ်ပြောပါ့မယ်။ ကျွန်တော်တို့ ထားဝယ်တွေကျန်ခဲ့လို့ မရပါဘူး။

**“ဒီမိုကရေစီလည်း ပန်းတိုင်ရောက်၊ ထားဝယ်တွေလည်း ခရီးပေါက်”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ၂၀၂၀ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီက ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး။ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်တစ်ခုတည်းမှာသာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မဲသုံးပြားမှာ ထားဝယ်တိုင်းရင်းသားများပါတီအတွက် မဲတစ်ပြားသာ ပေးဖို့လိုမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အတွက် မဲတစ်ပြားသာပေးဖို့လိုမှာ ဖြစ်ပါတယ်။

ထားဝယ်တိုင်းရင်းသားများ ပါတီကို တစ်မဲပေးရင်းနဲ့ ကိုယ့်ဒေသအရေး၊ ကိုယ့်လူမျိုးရေး ပိုပြီးလုပ်ဆောင်နိုင်ဖို့ လွှတ်တော်ထဲသို့ အရောက်ပို့ပေးဖို့ တောင်းဆိုလိုပါတယ်။

တို့ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ ထားဝယ်ပါတီကို မဲပေးကြပါစို့။ တို့လူမျိုး ဂုဏ်မြင့်ဖို့ ထားဝယ်ပါတီကို မဲပေးကြပါစို့ ... လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။




**ထားဝယ်ပါတီကို မဲပေးကြမယ်**

တို့ဒေသ၊ တို့ပါတီ တို့ယုံကြည်။
တို့ဒေသ၊ တို့ပါတီ တို့ယုံကြည်။
တို့ဘိုးဘွားလည်း ထားဝယ်၊ တို့မိဘလည်း ထားဝယ်၊ နန်လည်း ထားဝယ်၊ ငါလည်း ထားဝယ်။ ထားဝယ်ပါတီကို မဲပေးကြမယ်ကွယ်။
တို့ဘိုးဘွားလည်း ထားဝယ်၊ တို့မိဘလည်း ထားဝယ်၊ နန်လည်း ထားဝယ်၊ ငါလည်း ထားဝယ်။ ထားဝယ်ပါတီကို မဲပေးကြမယ်ကွယ်။
အိပ်မက်သစ်နဲ့ အားမာန်ဝင့်ချီ။ အနာဂတ်သစ်သို့ချီ။ ထားဝယ်တိုင်းရင်းသားများပါတီ၊ လာပြီလာပြီ။ ထားဝယ်သမိုင်းသစ် တစ်ဆစ်ချိုး ပြောင်းလဲစေဖို့၊ ငါတို့မျိုးဆက် ဂုဏ်မညှိုး တိုးတက်စေဖို့၊ တို့ထားဝယ်တွေ၊ တို့ထားဝယ်တွေ၊ နိုးထကြ၊ နိုးထကြဟေ့ . . .၊
အတွေးသစ်နဲ့ အားမာန်ဝင့်ချီ။ သမိုင်းသစ်သို့ချီ။ ထားဝယ်တိုင်းရင်းသားများ ပါတီ လာပြီ၊ လာပြီ။
ထားဝယ်သမိုင်းသစ် တစ်ဆစ်ချိုး ပြောင်းလဲစေဖို့၊ ငါတို့မျိုးဆက် ဂုဏ်မညှိုး တိုးတက်စေဖို့၊ တို့ ထားဝယ်တွေ၊ တို့ ထားဝယ်တွေ၊ နိုးထကြ၊ နိုးထကြဟေ့ ..၊
တို့ဘိုးဘွားလည်း ထားဝယ်၊ တို့မိဘလည်း ထားဝယ်၊ နန်လည်း ထားဝယ်၊ ငါလည်း ထားဝယ်၊ ထားဝယ်ပါတီကို မဲပေးကြမယ်ကွယ်။
တို့ဘိုးဘွားလည်း ထားဝယ်၊ တို့မိဘလည်း ထားဝယ်၊ နန်လည်း ထားဝယ်၊ ငါလည်း ထားဝယ်၊ ထားဝယ်ပါတီကို မဲပေးကြမယ်ကွယ်။
တို့ဒေသ၊ တို့ပါတီ တို့ယုံကြည်။
တို့ဒေသ၊ တို့ပါတီ တို့ယုံကြည်။
တို့ဒေသ၊ တို့ပါတီ တို့ယုံကြည်။
တို့ထားဝယ်သား၊ တို့ပါတီ တို့ယုံကြည်။
အမျိုးသားရေးအားမာန် ဂုဏ်ရောင်ထွန်းလင်းမည်
သခင်မျိုးဟေ့ တို့ထားဝယ် ဂုဏ်ဆောင်စေမည်။
ထားဝယ်ဒေသနဲ့ တိုင်းပြည်၊ ဒေသန္တရဥပဒေ ခိုင်မာစေဖို့ ရေးဆွဲမည်။
ဌာနေတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးတွေ ရရှိရမည်၊ ထားဝယ်ပါတီ။
တို့မဲပေးမည်။
အမျိုးသားရေးအားမာန်များ ဂုဏ်ယူဝင့်ကြွားပြသမည်။
ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်မည်။
ရေမြေတောတောင်များ၊ ပင်လယ်မြစ်ချောင်း အလှအပများ။ ဒေသထွက်ကုန်များ စီမံနိုင်မည်။ မဲပေးကြစို့လား၊ စည်းလုံးကြစို့လား
ထားဝယ်ပါတီကို မဲပေးကြစို့လား။
ထားဝယ်စိတ်မာန်များ ဒင်္ဂါးသင်္ကေတ၊ ထားဝယ်ပါတီကို မဲပေးကြစို့လား။

## မတ္တရာမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မတ္တရာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မတ္တရာမြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထွန်းက စေ့စပ်ညှိနှိုင်းရေး၊ ရည်ရွယ်ချက်၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ၊ သက်တမ်း၊ တိုင်ကြားနိုင်သည့်ပုဂ္ဂိုလ်များ၊ ဖြေရှင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ စေ့စပ်ညှိနှိုင်းရာတွင် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များစသည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲအရာရှိ ဒေါ်ရွှန်းလဲ့ရွှေရည်က ကော်မတီတွင် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါအချက်များနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခြင်းများကို ပြုလုပ်ခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အငြင်းပွားမှုပြဿနာများ ဖြစ်ပေါ်လာပါက အချိန်တိုအတွင်းဖြေရှင်းခြင်းကို သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရှင်းလင်းဆွေးနွေးမှုများ၊ သရုပ်ပြသမှုများနှင့်ပတ်သက်၍ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(ပြန်/ဆက်)**

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**ဖလုံ – စဝေါ် ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး စောကြည်လင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောတင်ပြချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

**စကားချီး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေရန်နှင့် အထူးသဖြင့် ကိုဗစ်(19) ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**နိဒါန်း**

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ပဒေသရာဇ်စနစ်၊ ကိုလိုနီနယ်ချဲ့စနစ်၊ ဖက်ဆစ်စနစ်၊ ဆိုရှယ်လစ်စနစ် အမျိုးမျိုးတို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူ၊ နိုင်ငံသားများ လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြသည်။

**လက်လွတ်ဆုံးရှုံး**

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကိုအခြေခံပြီး ဘက်မလိုက်ခြင်း၊ မညှဉ်းဆဲခြင်း၊ အနိုင်မကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း ဖြစ်ပေါ်လာစရာအကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများ လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များ လက်လွတ်ဆုံးရှုံးခဲ့ကြရပေသည်။

**ကြွေးကြော်ကြေညာ**

ကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူ့အခွင့်အရေးများကို အလေးထားမည်။ မထီမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထား လေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်းမပြု၊ ငြိမ်းချမ်းသော နည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် ကောင်းမွန်မြင့်မြတ်သောဆန္ဒဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဟု ရဲရင့်စွာ ထုတ်ဖော်ကြွေးကြော် ကြေညာလိုက်ပါသည်။

**ရဲဝံ့စွာယှဉ်ပြိုင်**

ကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည် ညီညွတ်ရေးနှင့် တည်တံ့ခိုင်မြဲရေးတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန်အလို့ငှာ နိုင်ငံသားတိုင်း၏အခွင့်အရေးဖြစ်သော ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို ဖော်ဆောင်နေခြင်းဖြစ်ပါသည်။ လွှတ်တော်အရပ်ရပ်တွင် ပါဝင်ခွင့်ရရှိမှသာ ထိရောက်သော တင်ပြတောင်းဆိုမှု၊ ဆွေးနွေးညှိနှိုင်းမှု၊ ပါဝင်ဆောင်ရွက်မှု ပြုနိုင်မည်ဖြစ်သောကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရဲဝံ့စွာ ဝင်ရောက်ယှဉ်ပြိုင်နေခြင်း ဖြစ်ပါသည်။

**အကြမ်းမဖက်ခြင်း**

အကျွန်ုပ်တို့ပါတီသည်

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်းပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက်ချမှတ်တည်ထောင်ထားသော ပါတီတစ်ရပ်ဖြစ်ပါသည်။

ဤသည်မှာမကဘဲ အကြမ်းမဖက်သော အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်မည့် ပါတီကြီးဖြစ်ပါသည်။

**အနစ်နာခံ**

အကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာပြောဆိုခြင်း (သစ္စဘာသန)၊ မခိုးဝှက်ခြင်း (အထေယျ)၊ မြတ်သောအကျင့်ကျင့်ခြင်း(ဗြဟ္မစရိယ)၊ မိမိအတွက် မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ)တည်းဟူသော လူသားတို့၏ ကျင့်ဝတ်(၅)ဖြာကိုလည်း လေးစားလိုက်နာသော ပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝတည်ထောင်ရေးအတွက် လမ်းညွှန်ပြသော ပါတီတစ်ရပ်ဖြစ်သည်။

နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ်ဆောင်ရွက်မည့် ပါတီဖြစ်ပါသည်။

**အခြေခံမူဝါဒများ**

အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်းဖြစ်ပါသည် –

(၁) ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရပိုင်ခွင့်များနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကရင်အမျိုးသား အသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှား ကြိုးပမ်းဆောင်ရွက်မည်။

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက် တိုက်ဖျက်သွားမည်။

(၅) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် လူမှုဘဝသာယာဝပြောရေးအတွက် မည်သူ့ကိုမျှ မထိခိုက်စေဘဲ တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံကာကွယ်ဆောင်ရွက်မည်။

(၇) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

(၈) ကြီးနိုင်ငယ်ညှဉ်း မပြုခြင်းကို လိုက်နာပြီး လူသားမဆန်သော ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လူမှုပစ်ပယ်မှုများကို ရှောင်ရှားမည်။

(၉) အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုဖြင့် ဆက်ဆံမည်။

(၁၀) မိမိတို့၏ အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ တွေးခေါ်ခြင်း၊ စွန့်စားခြင်းများကို (အသိ၊ ပညာ၊ သတ္တိ) သုံးမျိုးကို အသုံးချ၍ လူမှုဆင်းရဲခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်မည်။

(၁၁) ဖိနှိပ်ချုပ်ချယ်မှုကို အပင်ပန်းခံခြင်း၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းဖြင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်မည်။

(၁၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် အားထုတ်ဖော်ဆောင်သွားမည်။

(၁၃) အမျိုးသားအကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးတိုက်ဖျက်ဝါးမြိုမည့် နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားယွင်းသော လုပ်ရပ်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

(၁၄) တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

(၁၅) ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးကို ဦးစားပေးကာ အမုန်းမစွက် အကြမ်းမဖက် ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကို လက်ကိုင်ထားလျက် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို တိုင်းရင်းသားညီနောင်များနှင့် အတူတကွ ပူးပေါင်းတည်ဆောက်သွားမည်ဟူသော နိုင်ငံရေးမူဝါဒများထားရှိလျက် သဘောထားကြီးစွာဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်သွားပါမည်။

**ရည်မှန်းချက်**

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်း ရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို ရှုမြင်သုံးသပ်တတ်ကြပေသည်။ ထိုသို့ ရှုမြင်သုံးသပ်ခြင်းသည် မွေးရာပါ လူ့အခွင့်အရေးပင်ဖြစ်ပါသည်။

ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ လောဘ၊ ဒေါသကြီးမားမှု၊ သဘာဝဘေး၊ ရောဂါဘေးထူပြောမှုများကြောင့် ကမ္ဘာ့လူသားများ ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက် နေထိုင်ကြရပေသည်။ ထိုသို့ဖြစ်ရသည်မှာ မမှန်ကန်သောနိုင်ငံရေးမူဝါဒ၊ မမှန်ကန်သောဖွံ့ဖြိုးရေး စီမံကိန်းကြောင့်ဖြစ်ရသည်ဆိုပါက ငြင်းဆန်ရန် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်းများ၌ ပဋိပက္ခနှင့်ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲလာကာ ကျူးကျော်မှု၊ ရန်ပြုမှုများကြောင့် လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီး ဖြစ်လာပါသည်။

ထိုသို့မဖြစ်ရလေအောင် အကျွန်ုပ်တို့ပါတီကြီးက ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့သည် တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ကြီးစွာထားရှိသော ပါတီကြီးဖြစ်ပါသည်။

**ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်**

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည် ရည်ရွယ်ချက်(၁၅)ချက်ကို အခြေခံပြီး လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်–

(၁) ကရင်လူမျိုးတို့၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်သွားရန်။

(၂) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်သွားရန်။

(၃) ကရင်အမျိုးသားတို့၏အရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သွားရန်။

(၄) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်ကိုအခြေခံပြီး တည်ထောင်ထားသော်လည်း မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးများအထိ တိုးချဲ့ဖွဲ့စည်းပြီး ကရင်တိုင်းရင်းသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည်။

(၅) ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေသွားမည်။

(၆) ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးရာတို့ကို မိမိတို့ဆန္ဒသဘောထားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

(၇) အမုန်းမစွက် အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက်ရည်ရွယ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည်။

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားနှင့်နိဂုံး**

ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားအချက်အလက်များမှာ

(၁) လူသားတို့၏ အခွင့်အရေးကို လေးစားမည်။

(၂) အကြမ်းမဖက်ခြင်းတရား (အဟိံသ)၊ မှန်ကန်မှုတရား (Truth)၊ တရားမျှတခြင်း (Justice)တို့ကို လေးစားလိုက်နာမည်။

(၃) တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမူများကို လိုက်နာမည်။

(၄) မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ဖျက်သွားမည်။

(၅) မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို အားပေးကူညီမည်။

(၆) လူသားတိုင်း စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု၊ အကြမ်းမဖက်မှု၊ တရားမျှတမှုများ ထွန်းကားလာအောင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

(၇) မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ချယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများ ပြုလာမှုဟူသမျှမှ ကင်းဝေးစေရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သော နည်းလမ်းဖြင့် အောင်မြင်မှုရသည်အထိ ပူးပေါင်းဆောင်ရွက်သွားမည်။

အကျွန်ုပ်တို့ပါတီသည်

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော် ကော့မှူးမြို့နယ်မဲဆန္ဒနယ်၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်၊

(၃) မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့လွှတ်တော်၊ ပျဉ်းမနားမြို့မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူအားလုံးတို့ကို အသိပေး မိတ်ဆက်ပြုပါသည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ သုံးစွဲပိုင်ခွင့်၊ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ဟူသော အခွင့်အရေးအတွက် မည်သည့်ဥပဒေမျှဖြင့်မဆန့်ကျင်ဘဲ (က)လွတ်လပ်ခြင်း၊ (ခ) ညီညွတ်ခြင်း၊ (ဂ) တရားမျှတခြင်းဟူသော ဒီမိုကရေစီတရားတော်မြတ်(၃)ပါးကို နှလုံးသွင်းလျက် လောကပါလတရား ပြည့်စုံထွန်းကားစေရန် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု အလေးအနက်ကတိပြုပါသည်။ ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေ။ ရောဂန္တရကပ်ဘေးမှ လွတ်မြောက်နိုင်ကြပါစေ။

**ပြည်သူ့အတွက် ဖလုံ – စဝေါ်**

- ကရင်အမျိုးသားများနှင့် ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမှာ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသာ ဖြစ်ပါကြောင်း။
- မိမိတို့၏ ကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးကြရမှာဖြစ်ပါကြောင်း၊ အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးများကို ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ၊ တရားမျှတစွာ ခွဲဝေသုံးစွဲပါက ပြည်ထောင်စုတစ်ခုလုံး စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်မည်ဖြစ်ပါကြောင်း။
- အကျွန်ုပ်တို့နိုင်ငံသည့် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး အဆိုပါ သဘာဝသယံဇာတများကို တိုင်းရင်းသားများ ထိန်းသိမ်းစောင့်ရှောက်ကြပါကြောင်း။
- ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာသည့် သဘာဝသယံဇာတများကို တစ်ပါးသူက ခေါင်းပုံဖြတ်အမြတ်ထုတ်ပြီး လာရောက်ထုတ်ယူသုံးစွဲခြင်းကို လုံးဝ လက်မခံနိုင်ပါကြောင်း။
- လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ကူညီဆောင်ရွက်ပေးမည်မှာ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီသာ ဖြစ်ပါကြောင်း။
- မူးယစ်ဆေးဝါးကြောင့် လူငယ်များ မပျက်စီးရလေအောင် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းကာကွယ်တိုက်ထုတ်ရမှာ ဖြစ်ပါကြောင်း။
- တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း။
- ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ကြိုးစားဆောင်ရွက်ပေးမည်မှာ အမှန်ပင်ဖြစ်ပါသောကြောင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီကို ဝန်းရံထောက်ခံသွားကြရမှာဖြစ်ပါကြောင်း အဓိပ္ပာယ်ပါရှိသည့် သီချင်းဖြစ်ပါသည်။

# အရှိုချင်းအမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**အရှိုချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

**အခန်း(၁) ။ နိဒါန်း**

အရှိုချင်းအမျိုးသားပါတီသည် ၂၀၁၂ ခုနှစ် ဇွန်လ (၅) ရက်နေ့တွင် တရားဝင်ပါတီအဖြစ် မှတ်ပုံတင်ထူထောင်ခွင့်ရရှိခဲ့သည်။ ယခုအခါ ပါတီ၏သက်တမ်း (၉)နှစ်ကာလအတွင်း ရောက်ရှိခဲ့ပြီးဖြစ်ကာ ပါတီ၏စည်းရုံးရေးနယ်မြေများ ဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (၁၉)ခုတွင် မြို့နယ်ပါတီရုံးများ၊ ကျေးရွာပါတီရုံးများဖွင့်လှစ်ပြီး လှုပ်ရှားစည်းရုံးလျက်ရှိပါသည်။

အရှိုချင်းအမျိုးသားပါတီသည် ပါတီစတင်တည်ထောင်ချိန်မှစ၍ ပါတီတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံရန် စည်းရုံးရေးလုပ်ငန်းများကိုပါ တစ်ပြိုင်နက်တည်း လုပ်ဆောင်လာခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ပါတီသည် ချင်းတိုင်းရင်းသားလူမျိုးအခြေပြု နိုင်ငံရေးပါတီတစ်ခုဖြစ်လင့်ကစား မိမိတို့နေထိုင်ရာဒေသ၊ မိမိတို့ပါဝင်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်မြေများအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့၏ အကျိုးစီးပွားကိုဖော်ဆောင်ရန် ဦးတည်ချက်အခိုင်အမာရှိထားပါသည်။ မြန်မာနိုင်ငံကို တိုင်းရင်းသားလူမျိုးတိုင်းတန်းတူအခွင့်အရေးရရှိပြီး ဒီမိုကရေစီကျင့်စဉ်တရားများ ရှင်သန်ထွန်းကားသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ရန် ဦးတည်ချက်ထားရှိပါသည်။ ကျွန်ုပ်တို့ အရှိုချင်းအမျိုးသားပါတီသည် ပြည်သူ့လွှတ်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များမှနေ၍ ဖော်ပြပါ ပါတီ၏ ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၂၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ရခြင်းဖြစ်ပါသည်။

**အခန်း(၂)။ ရည်ရွယ်ချက်**

၂၀၂၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အရှိုချင်းအမျိုးသားပါတီ ဝင်ရောက်ယှဉ်ပြိုင်ရခြင်း၏ ရည်ရွယ်ချက်များမှာ –

(က) ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး တာဝန်များကိုရယူကာ ချင်းလူမျိုးများ၏လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်။

(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်သောတိုင်းရင်းသား လုပ်သားပြည်သူအပေါင်းကို အလုပ်အကျွေးပြုနိုင်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီပြီး တိုင်းရင်းသားလူနည်းစုများ၏ တန်းတူအခွင့်အရေးကို အာမခံသောဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ရန်။

(ဃ) ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်အာဏာ (၃)ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တော်တည့်မှန်ကန်နေအောင် အပြန်အလှန်ထိန်းကျောင်းပေးရန်တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် အရှိုချင်းအမျိုးသားပါတီသည် ၂၀၂၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံမည်ဖြစ်သည်။ ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မကွေးတိုင်းဒေသကြီး၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း (၁)ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း(၃)ဦးနှင့် ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း(၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း(၂) ဦး၊ ရခိုင်ပြည်နယ်၌ ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း (၁)ဦးတို့ဖြစ်ပါသည်။

**အခန်း(၃)။ (က) ပါတီမူဝါဒနှင့်ရှေ့လုပ်ငန်းစဉ်များ**

အရှိုချင်းအမျိုးသားပါတီ၏ အခြေခံမူဝါဒ(၃)ရပ်မှာ

(က) နိုင်ငံရေးတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ကျင့်သုံးရေး

(ခ) စီးပွားရေးတွင် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ကျင့်သုံးရေးနှင့်

(ဂ) တိုင်းရင်းသားလူမျိုးတိုင်း တန်းတူအခွင့်အရေးရရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးတို့ဖြစ်သည်။

မိမိတို့ အရှိုချင်းအမျိုးသားပါတီသည် ပြည်ထောင်စုအကျိုးအတွက် အခြားနိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော သဘောထားအမြင်ထားရှိပါသည်။ နိုင်ငံရေးပါတီချင်း ဆက်ဆံရာတွင် ငါနှင့်မတူ ငါ့ရန်သူဟူသော သဘောထားမရှိဘဲ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်၍တရားမျှတမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ဖော်ဆောင်ဖက်များဖြစ်သည်ဟူသော သဘောထားအမြင်ထားရှိပါသည်။

**(ခ) နိုင်ငံရေး**

ယနေ့မြန်မာနိုင်ငံသည် ပြည်သူလူထုက မဲပေးရွေးချယ်သော လွှတ်တော်(၃)ရပ်မှတစ်ဆင့် ဖွဲ့စည်းပေါ်ပေါက်လာသော အစိုးရအဖွဲ့အားဖြင့် စီမံအုပ်ချုပ်ကာ ဒီမိုကရေစီနိုင်ငံ့ အသွင်ဆောင်ယူထားသည်ကို တွေ့မြင်ရမည်ဖြစ်သော်ငြားလည်း ဒီမိုကရေစီစံနှုန်းများနှင့်ပြည့်ဝသော နိုင်ငံအဖြစ်တည်ဆောက်ရန်များစွာလိုအပ်နေသေးသည်ဟု အရှိုချင်းအမျိုးသားပါတီက ရှုမြင်ပါသည်။ အဆိုပါလိုအပ်ချက်များ ပြည့်စုံလာအောင် ဖြည့်ဆည်းပေးရန် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းတို့က နိုင်ငံရေးအသိ၊ နိုင်ငံရေးရင့်ကျက်မှုတို့ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရမည်ဟု ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီက ယုံကြည်ထားပါသည်။ အရှိုချင်းအမျိုးသားပါတီသည် ဤယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်လျက် လွှတ်တော်(၃)ရပ်တွင် ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုပုံစံ တည်ဆောက်ခြင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြောင်း ညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးတို့အတွက် အဖြေဖြစ်သည်ဟု အရှိုချင်းအမျိုးသားပါတီက ယုံကြည်သည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပလျက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ရေးသည် လက်တွေ့အလုပ်ဖြစ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ပါတီက ရှုမြင်သုံးသပ်ပါသည်။

ထိုသို့သောယုံကြည်ချက်၊ ရှုမြင်သုံးသပ်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီသည် လွှတ်တော်(၃)ရပ်အတွင်း နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့်လက်တွဲ၍ လည်းကောင်း၊ လွှတ်တော်ပြင်ပ၌ ကျင်းပပြုလုပ်ရန်ရှိသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ၌ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လက်တွဲ၍လည်းကောင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်သွားမည်ဖြစ်ပါသည်။

**(ဂ) စီးပွားရေး**

ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီ၏ စီးပွားရေးဆိုင်ရာ အခြေခံမူဝါဒမှာ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရန်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းတည်ရှိရေးကို ဦးတည်သော အခြေခံအဆောက်အအုံများ၊ ဥပဒေများကို နိုင်ငံတကာအတွေ့အကြုံများနှင့် နမူနာကောင်းများအပေါ်အခြေခံ၍ လုပ်ဆောင်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်လည်ပတ်နိုင်ခြင်းမရှိသေးမီ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်အစိုးရမှ နိုင်ငံ၏စီးပွားရေးဘဝကို တရားမျှတမှုရှိစေရန်နှင့် ဝရုန်းသုန်းကားမဖြစ်စေရန် အလို့ငှာ ဝင်ရောက်ထိန်းကျောင်းမှုပြုသင့်လျှင် ပြုရမည်ဖြစ်သည်။ နိုင်ငံသားအားလုံးတွင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် လိုအပ်သောမတည်ရင်းနှီးငွေများကို ချေးငှားရယူသုံးစွဲနိုင်သော ဘဏ်စနစ်တည်ရှိအောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ယနေ့အချိန်အခါတွင် စီးပွားရေးဖွံ့ဖြိုးမှု အလွန်နိမ့်ကျနေဆဲဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးမှုအလွန်အားနည်းလျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့် အရွယ်အစားအမျိုးမျိုးရှိသည့်အနက် မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်း ကြီးထွားဖွံ့ဖြိုးမှုအဆင့်အတန်းအရ လောလောဆယ်နှင့်ရှေးဦးစွာ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော စီးပွားရေးလုပ်ငန်းအမျိုးအစားများ တည်ထောင်လုပ်ကိုင်ရေးကို အားပေးအားမြှောက်ပြုရမည်ဟု ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီက ယုံကြည်သည်။ ပြည်တွင်း၌ နိုင်ငံသားများအား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် အားပေးအားမြှောက် ပြုသော်ငြားလည်း ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုအတတ်ပညာ ချို့ငဲ့ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်လုပ်ကိုင်နိုင်ခြင်းမရှိသေးမီ ပြည်ပလုပ်ငန်းရှင်များ ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံကာ စီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်အောင် ဆွဲဆောင်ခွင့်ပြုရန်လိုအပ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၌ စီးပွားရေးလက်ဝါးကြီးအုပ်စိုးမှုမရှိအောင် ထိန်းကျောင်းပေးမည့်ဥပဒေများ(Anti-trust Law) ပြဋ္ဌာန်းရမည်ဟု ကျွန်ုပ်တို့ အရှိုချင်းအမျိုးသားပါတီက ယုံကြည်သည်။

ကျွန်ုပ်တို့ အရှိုချင်းအမျိုးသားပါတီသည် ကောင်းမွန်မှန်ကန်သောမူဝါဒများကို ချမှတ်ပြီး စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် အကောင်အထည်ဖော်နိုင်မည် (Good Policy, Good Management) ဆိုလျှင် မြန်မာနိုင်ငံသည် (၁၀)နှစ်မှ အနှစ် (၂၀)ကာလအတွင်း အရှေ့တောင်အာရှဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု ကျွန်ုပ်တို့ အရှိုချင်းအမျိုးသားပါတီက ယုံကြည်သည်။

**(ဃ) ပညာရေး**

နိုင်ငံသားများ၏ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသော အရာတစ်ခုဖြစ်သည်။ ပညာရေးစနစ် ခေတ်မီအဆင့်မြင့်ကောင်းမွန်နေမှသာ ကမ္ဘာ့နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်သော ခေတ်မီ ပညာတတ်နိုင်ငံသားများ အစဉ်မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံ၏ ပညာရေးစနစ် ခေတ်မီအဆင့်မြင့် ကောင်းမွန်နေရေးအတွက် ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေ ပိုမိုသုံးစွဲရန်လိုအပ်သည်ဟု ယုံကြည်သည်။

မြန်မာနိုင်ငံသားများ ကမ္ဘာ့နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် စီးပွားရေးလုပ်ငန်းများအပါအဝင် နယ်ပယ်အသီးသီးတွင် ဆက်သွယ်လုပ်ကိုင်ရာ၌ အဆင်ပြေချောမွေ့စေရန် နိုင်ငံတကာသုံးအင်္ဂလိပ်စာဘာသာရပ် သင်ကြားတတ်မြောက်ရေးအတွက် အခြေခံမူလတန်းကျောင်းမှစ၍ အဆက်မပြတ်အလေးထား လေ့ကျင့်ပေးရမည်ဟု အရှိုချင်းအမျိုးသားပါတီက ရှုမြင်သည်။




တက္ကသိုလ်၊ ကောလိပ်အသီးသီးနှင့် အခြေခံပညာကျောင်းများမှ အရည်အချင်းပြည့်ဝသော ပညာတတ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် အရည်အချင်းပြည့်ဝသော တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းဆရာ၊ ဆရာမများမွေးထုတ်ရေးသည်လည်း အရေးကြီးသည်ဟုခံယူသည်။

မြန်မာနိုင်ငံသားများအား အသက်မွေးဝမ်းကျောင်းပြုရာတွင် အထောက်အကူရရှိစေသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို အတန်းပညာနှင့် ဉာဏ်ရည်ဉာဏ်သွေးအလိုက် သင်ကြားပေးနိုင်ရန် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲ၍ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ရမည်။

**(င) ကျန်းမာရေး**

နိုင်ငံတော်မှ နိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေပိုမိုသုံးစွဲရေးကို အရှိုချင်းအမျိုးသားပါတီက လွှတ်တော်တွင် အဆိုပြုတင်ပြမည်ဖြစ်သည်။ နိုင်ငံသားများ စိတ်နှလုံးချမ်းမြေ့စွာ ဆေးဝါးကုသမှုခံယူနိုင်ရေးနှင့် ငွေကြေးချို့ငဲ့သူများ ရောဂါဖြစ်လာလျှင် ဆေးဝါးကုသမှုမခံယူနိုင်မည်ကို စိုးရိမ်ကြောင့်ကြမှုမရှိရစေရန် ကျန်းမာရေးအာမခံစနစ်(Health Insurance Service) ကို ပီပြင်စွာတည်ထောင်ရန် ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီက ကြိုးပမ်းဆောင်ရွက်မည်။ နိုင်ငံတော်၏ တစ်မျိုးသားလုံးဝင်ငွေနှင့် အခွန်အတုပ်များ တိုးတက်များပြားစွာ ရရှိမှုအပေါ်မူတည်၍ ပထမအဆင့်အနေဖြင့် အသက်(၇၀) နှင့်အထက် သက်ကြီးရွယ်အိုများအား အခမဲ့ဆေးဝါးကုသမှုပေးသည့်စနစ်ကို ကျင့်သုံးရန် လွှတ်တော်တွင် တင်ပြသွားမည်။

**(စ) လယ်ယာမြေအသုံးချမှု**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ၏ (၈၀)ရာခိုင်နှုန်းသော တောင်သူလယ်သမားများအနေဖြင့် စိတ်နှလုံးချမ်းမြေ့စွာ လယ်ယာလုပ်ကိုင်စိုက်ပျိုးနိုင်ရေးနှင့် တောင်သူလယ်သမားများ မြေပိုင်ဆိုင်ခွင့်ခိုင်မာမှုရရှိရေးအတွက် အစိုးရက အားပေးကူညီမှု၊ ကာကွယ်စောင့်ရှောက်မှုပြုရမည်ဟု ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီက အလေးအနက်ယုံကြည်သည်။ ထိုသို့ယုံကြည်သည့်အလျောက် တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးနေသည့် လယ်ယာမြေများကို အကြောင်းအမျိုးမျိုးပြလျက် သိမ်းဆည်းနေမှုများကို ဦးစားပေးဖြေရှင်းရန် လွှတ်တော်တွင် တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ပေးနေမှုများအပေါ် ပြန်လည်စိစစ်သုံးသပ်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူများသည် အမှန်တကယ်လုပ်ငန်းများလုပ်ဆောင်ခြင်းရှိမရှိကို ထိရောက်စွာ ကြပ်မတ်အရေးယူမှုများပြုလုပ်ရန် လွှတ်တော်တွင် အဆိုပြုတိုက်တွန်းမည်။ အထူးသဖြင့် နိုင်ငံတော်မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းရှင်များကို ခွင့်ပြုပေးလိုက်သောကြောင့် ဘိုးစဉ်ဘောင်ဆက် တောင်သူလယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများ မြေမဲ့ယာမဲ့ဘဝရောက်ရှိ သွားခြင်းမျိုးမဖြစ်ရလေအောင် ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီက လွှတ်တော်တွင်တင်ပြဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်သည်။

**အခန်း(၄)။ နိဂုံး**

ကျွန်ုပ်တို့ အရှိုချင်းအမျိုးသားပါတီသည် အထက်ဖော်ပြပါ ရည်မှန်းချက်၊ ပါတီမူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ အလေးပေးအကောင်အထည်ဖော်မည့် လုပ်ငန်းများကို လွှတ်တော်အတွင်းမှနေ၍ ဖော်ဆောင်သွားမည်ဖြစ်သည်။ မိမိတို့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို ကောင်းစွာရှုမြင်သုံးသပ်ပြီး အချိန်အခါအခြေအနေနှင့် လိုက်လျောညီထွေသော ဆွေးနွေးမှုများ၊ ထောက်ခံမှုများ၊ ကန့်ကွက်မှုများ၊ မေးခွန်းများကို ပါတီ၏အခြေခံမူဝါဒများအပေါ်အခြေခံလျက် ပြုမူပြောဆိုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အရှိုချင်းအမျိုးသားပါတီသည် "ပြည်သူ့အတွက်အင်အားသစ်" ဟူသော ပါတီ၏ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံပြည်သူလူထုက အားကိုးအားထားပြုရသော၊ ပြုနိုင်သော နိုင်ငံရေးပါတီတစ်ခုအဖြစ် အစဉ်ထာဝရ ရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ် လုပ်ဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ ငြိမ်းချမ်းသာယာသောနိုင်ငံဖြစ်အောင် ကောင်းမွန်မှန်ကန်သောမူဝါဒများဖြင့် အကောင်အထည်ဖော် လုပ်ဆောင်သွားရန် အရှိုချင်းအမျိုးသားပါတီက ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ကတိပေးပြောကြားအပ်ပါသည်။

# COVID–19 Fund မှ ချေးငွေလျှောက်ထားသည့်လုပ်ငန်း ၁၀၄၁ ခုသို့ ခွင့်ပြုငွေကျပ် ၂၀ ဒသမ ၇၇၇၅ ဘီလီယံ ချေးငွေထုတ်ယူခွင့်ပြု

*(ယမန်နေ့မှအဆက်)*

## ဒုတိယအကြိမ် COVID–19 Fund မှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများ စာရင်း

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| [illegible] | [illegible] | [illegible] |

(ဆက်လက်ဖော်ပြပါမည်)

# ကျိုက်ထိုမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့က မြေယာလျော်ကြေးငွေပေးအပ်



**ကျိုက်ထို စက်တင်ဘာ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မလွတ်ကင်းသော အိမ်၊ ခြံ၊ မြေ၊ ဥယျာဉ်၊ လယ်ယာမြေတို့အား ပြည်နယ်အစိုးရအဖွဲ့က မြေယာလျော်ကြေးငွေ(ဒုတိယအကြိမ်)ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

**လျော်ကြေးငွေပေးအပ်**

အခမ်းအနားတွင် မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်က မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပူးပေါင်းပါဝင် ကူညီခဲ့ကြသည့် ကျေးရွာသူ ကျေးရွာသားများအား ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် လျော်ကြေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားပြီး မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် ပြည်သူ ရှစ်ဦးတို့၏ ဥယျာဉ်ခြံမြေ ၃ ဒသမ ၈၂ ဧကနှင့် နေအိမ်၊ သီးနှံပင် စသည်တို့အတွက် လျော်ကြေးငွေကျပ် စုစုပေါင်း ၅၃၀၅၃၂၀၀ ကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့သည်။

**တက်ရောက်**

အဆိုပါပေးအပ်ပွဲသို့ မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ မွန်ပြည်နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဦးကြည်သွင်ဦးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် ခရိုင်အဆင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မြေယာများပါဝင်ခဲ့သည့် လှည်းလမ်းကူးကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျိုက်ထို(မြန်/ဆက်)

* ချန်ပီယံမျှော်လင့်ချက်မှ

ရတနာပုံအသင်းသည် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သော်လည်း ချေပဂိုးပေးလိုက်ရပြီးနောက်ပိုင်း ဟံသာဝတီကို အသာစီးမှ မကစားနိုင်ခဲ့ပေ။ ၃၁ မိနစ်တွင် ရတနာပုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဟံသာဝတီအသင်း တိုက်စစ်မြှင့်လာပြီး ၃၉ မိနစ်တွင် ချေပဂိုးပြန်ရခဲ့ကာ အီမီကာက သွင်းယူခဲ့သည်။ သရေကျသွားပြီးနောက်ပိုင်း ကစားပုံပိုကောင်းလာသည့် ဟံသာဝတီအသင်းသည် ဒုတိယပိုင်းအစတွင် အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့ပြီး တောင်ပံကစားသမား ဟိန်းထက်အောင်က ၄၉၊ ၅၆ မိနစ်တွင် အနိုင်ဂိုးများသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် နှစ်ပွဲဆက်အနိုင်ရလဒ်ကြောင့် အဆင့် ၅ နေရာကို မျှော်လင့်နိုင်ခဲ့ပြီး ပုံစံကောင်းပြသနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းအတွက် ဂိုးများကို ၁၆၊ ၄၇ မိနစ်တွင် ပက်ထရစ်၊ ၃၃ မိနစ်တွင် ဖရိုင်းဒေးတို့က သွင်းယူပြီး အား/ကာသိပ္ပံအတွက် ချေပဂိုးကို ၇၇ မိနစ်တွင် ကြည်စိုးက သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ နောက်ပိုင်းပွဲများတွင် ရလဒ်များဆိုးရွားနေခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ၆၇ မိနစ်တွင် အောင်မြတ်သူသွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းနိုင်ပွဲမှာ Southern အတွက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ဘုန်းသော်

# ကဝမြို့နှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသုံးပြုနိုင်ရန် ကိုဗစ်-၁၉ ရောဂါအကာအကွယ်ပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ပဲခူး စက်တင်ဘာ ၂၃**

ကဝမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသုံးပြုနိုင်ရန်အတွက် အမျိုးသားစာပေဆုရ ဒေါက်တာ ဦးဖြေ(စာရေးဆရာ ဝိသုဒ္ဓက)မိသားစုက ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများအား ယနေ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



အလှူရှင်မိသားစုက ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်ထံသို့ ကဝမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အသုံးပြုနိုင်ရေးအတွက် နှာခေါင်းစည်းများ၊ Surgical Gowns များ၊ မြန်မာတိုင်းရင်းဆေးများနှင့် ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အတူ ပဲခူးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌လည်း ဦးငွေအောင်(ရွှေရည်ရောင်းဝယ်ရေး)မိသားစုက ပဲခူးဆေးရုံကြီး၌ Air Con တစ်လုံး၊ ပန်ကာနှစ်လုံး၊ ပဲခူးဆေးရုံနှင့်ကလိ၊ ပဲခူးတက္ကသိုလ်၊ အသောက ကန့်သတ်စောင့်ကြည့်ရေးစခန်းတို့မှ ဆရာဝန်၊ သူနာပြုများအတွက် ပရီမီယာကော်ဖီမစ် ၃၂ ပါကင်၊ ခေါက်ဆွဲခြောက်အထုပ် ၁၈၀၊ မိသားစု မုန့်ပုံး ခုနစ်ပုံး၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသည့် အခြေခံဝန်ထမ်းများအတွက် ဆန်ခြောက်ပြည်ပါဆန်အိတ် ၇၀၊ ကလိ၊ အသောက၊ ပဲခူးတက္ကသိုလ် ကန့်သတ်စောင့်ကြည့်စခန်းများရှိ စေတနာ့ဝန်ထမ်းများအတွက် ဖုန်းဘေများလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

တင်စိုး(ပဲခူး)

# တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်မှ နှာခေါင်းစည်းနှင့် Hand Gel များ ပေးအပ်

**တောင်ကြီး စက်တင်ဘာ ၂၃**

တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် အထောက်အကူဖြစ်စေရေး သမဝါယမအသင်းသား၊ အသင်းသူများသို့ နှာခေါင်းစည်းနှင့် Hand Gel များကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိရာ ဌာနဆိုင်ရာနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ သမဝါယမအသင်းသား၊ အသင်းသူ ၂၈၀၉ ဦးအတွက် နှာခေါင်းစည်းနှင့် Hand Gel စုစုပေါင်း တန်ဖိုးငွေကျပ် ၇၅၉၂၃၂ ကို အသင်းရုံးခန်း၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၄၉)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုများရရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့( World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို UNESCO နှင့် UPU တို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွက် အသက်(၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို "Write a message to an adult about the world we live in" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းအဆင့် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို (၄၉)ကြိမ်မြောက်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် တစ်ပြိုင်တည်းကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၇၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကချင်ပြည်နယ် အထက(၁)တနိုင်းမြို့ အဌမတန်းမှ မောင်ကောင်းထက်သော်က လည်းကောင်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး အထက(၂) ညောင်လေးပင်မြို့ အဌမတန်းမှ မောင်ညဏ်လင်းထက်တို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုရစာမူကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂသို့ပေးပို့၍ နိုင်ငံတကာအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**(၄၉)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုရရှိသူများ**



**ပထမဆု**

အမည် - မောင်ကောင်းထက်သော်
အဘအမည်- ဦးဝင်းနိုင်ဦး
အမိအမည် - ဒေါ်ဝင်းဝင်းဦး
အတန်း - အဌမတန်း
ကျောင်းအမည် - အထက(၁)
တနိုင်းမြို့၊ ကချင်ပြည်နယ်



**ဒုတိယဆု**

အမည် - မောင်ညဏ်လင်းထက်
အဘအမည်- ဦးဇော်လွင်
အမိအမည် - ဒေါ်ခိုင်ခိုင်လွင်
အတန်း - အဌမတန်း
ကျောင်းအမည် - အထက(၂)
ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ကော်ဖီစေ့များ ပြင်သစ်နိုင်ငံသို့ တင်ပို့

**လွိုင်လင် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်က ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိရာ ယမန်နေ့တွင် ကော်ဖီစေ့တန်ချိန် ၂၀ ဒသမ ၁ တန်အား ပြင်သစ်နိုင်ငံသို့ ဒုတိယအကြိမ် ထပ်မံပို့ဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ၂၀၂၀ ပြည့်နှစ်အတွင်း ကော်ဖီစေ့ တန်ချိန် ၉၆ တန်တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ကော်ဖီစေ့တန်ချိန် ၃၉ ဒသမ ၃ တန်အား ပို့ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျေးရွာများ ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးနိုင်ရန်ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ စက်တင်ဘာ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း နွေရာသီ ရေအရင်းအမြစ်လုံလောက်မှုမရှိသော ကျေးရွာများအတွက် ရေလုံလောက်စွာပေးဝေနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

နွေရာသီ သောက်ရေသုံးရေ လုံလောက်မှုရှိစေရန် ရေအရင်းအမြစ်ရှိရာ ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာအုပ်စု တကူဟအွီးကျေးရွာရှိ စိမ့်စမ်းအိုင်မှ ရေအရင်းအမြစ်ရယူကာ ခရိုက်ဒူး၊ ရေတွင်းကုန်း၊ ဆယ်ပလာ၊ ခရိုက်နီးဟု၊ သာယာကုန်းကျေးရွာများသို့ ရေအလုံအလောက်ပေးဝေနိုင်ရန် ထပ်မံဆောင်ရွက်ပေးနိုင်ရေးအတွက် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျိမ်းလော(နာဂ)

# သမင်မွေးရင်း ကျားစားရင်း . . .

မျိုးကြီး(အမရဗွာနေ)



ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

သမင်မွေးရင်းကျားစားရင်း ဟူသော စကားပုံသည်ကား ကိုပြုံးချိုတို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ရည်ရွယ်ခဲ့လေရော့သလားမသိ။ ထာဝရမြန်နှုန်းမြင့် အပြေးသမားဟုပင် တင်စားလိုပါ၏။ လိုအပ်ချက်များက မပြည့် ... မပြည့်... မပြည့်နိုင်သေး။ မီးသုံးစွဲလိုသူတို့ရဲ့ ဆန္ဒတွေ လိုလားချက်တွေကို အပြည့်ဝဆုံးဖြစ်အောင် ဖြည့်ဆည်းအပေးချင်ဆုံးက သည်လူများသာ။ နယ်မြေအလိုက် ဝင်လာနေတဲ့ ဖုန်းတဂွမ်ဂွမ်နှင့် ကွန်ပလိန်းတွေ ကင်းပချင်ဆုံးကလည်း သည်လူများသာတည်း။

မိမိတို့ မြန်မာနိုင်ငံတွင် မြစ်၊ ချောင်း၊ အင်းအိုင် ရေအားအရင်းအမြစ် ပေါများကြွယ်ဝသည်ဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အားသာလျှင် စရိတ်အကျဉ်းဆုံးဖြစ်၍ ရေအားလျှပ်စစ်စီမံကိန်းများအမြန်ဆုံး အကောင်အထည်ဖော်ရန်ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဇွန်လတွင် စတင်ရေးဆွဲသည့် ဆိုရန်တိုဗီလာစီမံကိန်း တွင် ထည့်သွင်းခဲ့ပြီး ရေအားကို အဓိကထား၍ လျှပ်စစ် ဓာတ်အားထုတ်လုပ်သုံးစွဲမှုဖြင့် စတင်ခဲ့ကြ၏။

လက်တွေ့တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ စသည့် မိုးတွင်းကာလများတွင် ရေအားစက်ရုံများကို မောင်းနှင်ပေးနေသည့် တမံများ၌ ရေဝင်ရေထွက်ကောင်းနေပြီး ရေပြည့်ရေလျှံ ပေါင်းလန်နေသဖြင့် ရေအားစက်ရုံများမှ ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်သည်မှန်ငြားသော်လည်း အောက်တိုဘာမှ မေလခန့်ထိ ဆောင်းရာသီနှင့် နွေကာလများတွင် မြစ်ချောင်းများ၌ ရေဝင်ရေထွက် လျော့နည်းလို့လာ၏။ အထူးသဖြင့် မတ်၊ ဧပြီ၊ မေ နွေကာလများတွင် ရေအားစက်ရုံများ၏ တမံများ၌ စက်ကိုမောင်းနှင်နိုင်သည့် ရေ Level အောက်ရောက်သွားသဖြင့် ဓာတ်အားထုတ်လုပ်မှု ရပ်ထားလိုက်ရသည့်စက်ရုံများရှိသလို လအလိုက် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် တစ်နှစ်ပတ်လုံး မျှတစွာ အသုံးပြုနိုင်ရန်အတွက် ညှိ၍ ထိန်းသိမ်းမောင်းနှင်ရသည်များရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းမှုများရှိလာရ၏။

ထိုကာလများတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံး စက်ရုံတို့က အဓိကမောင်းနှင် ထုတ်လုပ်ပေးကြရပေသည်။ ထိုကာလနွေရဲ့ ဝေဒနာများကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ လုံးလုံးလျားလျား ကျရောက်လို့လာတော့သည်။

အများပြည်သူ မီးမပြတ်စေရေးအတွက် နည်းမျိုးစုံဖြင့် ဖြည့်ဆည်းကြရ၏၊ ယခင်ခေတ်များက မတတ်သာသည့် အဆုံး ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် မြို့နယ်အလိုက် အလှည့်ကျမီးပေးသည့်စနစ် ကျင့်သုံးခဲ့ရသည်များလည်း ရှိခဲ့ပါ၏။

ယခု ထိုအလှည့်ကျမီးပေးရသည့် စနစ်ကို ကျော်လွှန်လာနိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် နွေကာလမှုကား ကိုဗစ်ကပ်ရောဂါဆိုးကြီးကို တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဖြတ်သန်းခဲ့ကြရ၏။ ထိုကာလ ၂၀၂၀ ဧပြီ၊ မေ၊ ဇွန် လများအတွက် ထုတ်နုတ်ထားသည့် ပုံရိပ်သစ်တွေက ငြင်းပယ်ခြင်းငှာ မစွမ်းသာခဲ့ပေ။ ဧပြီလတွင် ဓာတ်အားသုံးစွဲသူ ဦးရေက အိမ်သုံးအမျိုးအစားမှာပင် ၅၄၂၀၃၂၉ ဦးရှိပြီး မေလအတွင်း ၅၄၄၄၉၆၅ ဖြစ်၍လာသဖြင့် ဓာတ်အားတိုးမြှင့်သုံးစွဲလာသူ ၂၄၆၃၆ ဦးရှိ၏။ ဇွန်လတွင် ၅၅၀၂၆၂၁ ဦးထိရှိလာသဖြင့် ၅၇၆၅၆ ဦး ထပ်မံတိုးမြှင့်သုံးစွဲလာသည်ကို မှတ်တမ်းများအရ တွေ့ရှိရ၏။

တိုးမြှင့်သုံးစွဲလာသည့် ယူနစ် မဂ္ဂါဝပ်များကလည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ စာရင်းကောက်ယူထားမှုတွင် ၂၀၁၉ ခုနှစ်၌ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၃၇၉၇ မဂ္ဂါဝပ်ဖြစ်သော်လည်း ၂၀၁၉-၂၀၂၀ ခုနှစ် ဇွန်လအထိ ၆ လတာကာလအတွင်း အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၃၈၂၉ မဂ္ဂါဝပ်တိုင် ရှိလာသည်ကို ကိန်းဂဏန်းများက ဖော်ပြလို့နေ၏။

**ကိုဗစ်ကပ်ရောဂါဆိုးကြီးနှင့် နွေကာလတွင် အများပြည်သူများ ဓာတ်အားပြတ်တောက်မှု မရှိရလေအောင် နိုင်ငံတော် မဟာဗျူဟာ အရန်စက်သုံးဆီမှပင် အရေးပေါ်အနေဖြင့် ဒီဇယ်ဆီဂါလန် ၂၀၅၀၀၀၀ တစ်ကြိမ်၊ ဂါလန် ၁၀၀၀၀၀၀ တစ်ကြိမ် နှစ်ရပ်ပေါင်းဒီဇယ်ဆီဂါလန် ၃၀၅၀၀၀၀ ကို ခေတ္တချေးယူခဲ့ပြီး အားချင်းဖြည့်ဆည်းမောင်းနှင်ကြရ၏။**

လျှပ်စစ်ဓာတ်အားများ တိုးပြီးသုံးစွဲလာကြသည်မှာလည်း အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု ဆိုရပါမည်။ ထိုကာလများကား ကိုဗစ်ကပ်ရောဂါကို တွန်းလှန်ဖို့ ကန့်သတ်ချက်များဖြင့် နေကြရ၍ အိမ်ကိုသာ ကာရာအိုကေဆိုင်၊ အိမ်ကိုသာ အားကစားခန်းမ၊ အိမ်ကိုသာ အပန်းဖြေစခန်း၊ အိမ်ကိုသာ ဖျော်ဖြေရေး ဂေဟာအဖြစ်ဖြင့် နေခဲ့ကြရသည်လည်း ပါပေသည်။

ဤတွင် ကိုပြုံးချိုတို့ရဲ့အကြီးအကဲတွေ ခေါင်းခဲကြရ၏။ နည်းမျိုးစုံကြံဆပြီး လျှပ်စစ်ဓာတ်အား တိုးမြှင့်လိုအပ်လာသည်ကို ဖြည့်ဆည်းပေးခဲ့ကြရ၏။

ထိုကာလတွင် ရန်ကုန်မြို့ရှိ သာကေတသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ၂၅ မဂ္ဂါဝပ် ဒီဇယ်အင်ဂျင်သုံး ဓာတ်အားပေးစက် တစ်လုံးနှင့် သီလဝါသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံရှိ ၂၅ မဂ္ဂါဝပ် ဒီဇယ်အင်ဂျင်သုံး ဓာတ်အားပေးစက် နှစ်လုံးတို့ကို မောင်းနှင်စေပြီး နေ့ညမပြတ် ထပ်မံတိုးမြှင့်ထုတ်လုပ်ကာ နိုင်ငံတော်ဓာတ်အားစနစ်၏ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ရ၏။

စာမျက်နှာ ၂၃ သို့ ❐




ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုဆောင်ရွက်ရန် လိုအပ်သော LNG များအား သင်္ဘောဖြင့် သယ်ဆောင်လာစဉ်။

## အမျိုးသားလျှပ်စစ်ဓာတ်အားစဉ်မဟာစီမံချက် (National Electricity Master Plan) အရ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်များတိုးတက်လာမည့် အခြေအနေကို ခန့်မှန်းခြင်း




❒ စာမျက်နှာ ၂၂ မှ

ကိုဗစ်ကပ်ရောဂါဆိုးကြီးနှင့် နွေကာလတွင် အများပြည်သူများ ဓာတ်အားပြတ်တောက်မှု မရှိရလေအောင် နိုင်ငံတော် မဟာဗျူဟာ အရန်စက်သုံးဆီမှပင် အရေးပေါ် အနေဖြင့် ဒီဇယ်ဆီ ဂါလန် ၂၀၅၀၀၀၀ တစ်ကြိမ်၊ ဂါလန် ၁၀၀၀၀၀၀ တစ်ကြိမ် နှစ်ကြိမ်ပေါင်းဒီဇယ်ဆီဂါလန် ၃၀၅၀၀၀၀ ကို ခေတ္တချေးယူခဲ့ပြီး အားချင်းဖြည့်ဆည်း မောင်းနှင်ကြရ၏။ ဒီဇယ်ဆီများမှသည် အများပြည်သူ သုံးစွဲရန် လိုအပ်နေသည့် ဓာတ်အားယူနစ်ဆီသို့ အလျဉ်မီအောင် အမြန်ဆုံး ဘဝပြောင်းပေးကြရ၏။

သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း နိုင်ငံတော် အစိုးရ မူဝါဒနဲ့ မကင်းလွတ်ရလေအောင် ဒီဇယ်ဆီများကို တင်ဒါစနစ်ဖြင့် စနစ်တကျဝယ်ယူကာ ခေတ္တရယူခဲ့ရသည့် နိုင်ငံတော်မဟာဗျူဟာ အရန်ဆီများကို ပြန်လည်ဖြည့်ပေးခဲ့ကြရသည်။ ၂၀၂၀ ပြည့်နှစ် နွေကာလ မတ်လမှ ဇူလိုင်လ အတွင်း နိုင်ငံတော်ဓာတ်အားစနစ်၏ လိုအပ်ချက်အရ တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့ရသည့် ဒီဇယ်ဆီ စုစုပေါင်း ဂါလန် ၆၂၀၀၀၀၀ ရှိပြီး ဖော်ပြပါဒီဇယ်အင်ဂျင်စက်များဖြင့် အလျင်းသင့်သလို မောင်းနှင်ဓာတ်အားထုတ်လုပ်ဖြည့်ဆည်းပေးခဲ့ရပါသည်။ အပြောလွယ်သလောက်အလုပ်ခက်လှပါ၏။ စက်ရုံမှ အရာထမ်း၊ အမှုထမ်းများ နေ့နေ့ညည မနားရ၊ ပင်ပန်းကြီးစွာဖြင့် ကြိုးပမ်းကြရသည်။

နိုင်ငံတော်ဓာတ်အားစနစ်၏ အနည်းငယ်မျှသော ဓာတ်အားလိုအပ်ချက်နှင့် လစ်ဟာမှုများကို အများပြည်သူများကလည်း နားလည်ပေးနိုင်ကြပေပြီ။

**နိုင်ငံတော်ဓာတ်အားစနစ်၏ အနည်းငယ်မျှသော ဓာတ်အားလိုအပ်ချက်နှင့် လစ်ဟာမှုများကို အများပြည်သူများကလည်း နားလည်ပေးနိုင်ကြပေပြီ။**

၂၀၂၀ ပြည့်နှစ် အများပြည်သူများ ဓာတ်အားတိုးမြှင့်အသုံးပြုနိုင်ရန်အတွက် ထပ်မံတိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဓာတ်အားပေးစက်ရုံများအနေဖြင့် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | စက်ရုံ | စက်တပ်ဆင်အင်အား(MW) |
|---|---|---|
| (က) | ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ | ၂၀.၅၄ |
| (ခ) | အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ | ၁၅၁.၅၄ |
| (ဂ) | သာကေတ (LNG) သုံး ဓာတ်အားပေးစက်ရုံ | ၄၀၀.၀၀ |
| (ဃ) | သီလဝါ (LNG)သုံး ဓာတ်အားပေးစက်ရုံ | ၃၅၀.၀၀ |
| (င) | ကျောက်ဖြူ (LNG) သုံး ဓာတ်အားပေးစက်ရုံ | ၁၅၀.၀၀ |
| (စ) | ရွှေတောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ | ၂၈.၀၀ |
| | စုစုပေါင်း | ၁၁၀၀.၀၈ |

ထို့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများတွင် ၃၀ မဂ္ဂါဝပ်မှ ၅၀ မဂ္ဂါဝပ်ထိ ထွက်ရှိမည့် SOLAR လုပ်ကွက် ၃၀ ဖြင့် ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်မည့် Ground Mounted Solar Power Project In Myanmar ကို IPP / BOO စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ရာ အဆိုပါစီမံကိန်းဖြင့် ဓာတ်အားစတင် ထုတ်လုပ်သည်မှ နောင်အနှစ် ၂၀ တိုင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်ရထားကြီးကတော့ ဓာတ်ငွေ့ရည်၊ ဓာတ်ငွေ့၊ ရေအား၊ လေအား၊ နေစွမ်းအင် ကျောက်မီးသွေး၊ မြေအောက် အပူစွမ်းအင်စသည်ဖြင့် အသစ်သစ်သော စွမ်းအင်မျိုးစုံကို အသုံးချ၊ စွမ်းပကားမျိုးစုံကို ကြံဆပြီး နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ခုတ်မောင်းနေပေဦး တော့မည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းကို မီးအလင်းပေးနိုင်ခဲ့သည့် အခမ်းအနားကြီးကို ကျင်းပနိုင်ခဲ့ပေပြီ၊ ၂၀၂၀ တွင်လည်း တတ်နိုင်စွမ်းအားရှိသမျှ တိုးမြှင့် မီးပေးနိုင်ရေး ဆက်၍- ----ဆက်၍သာ------။

ကျားကပဲ စားနိုင်လေမလား သမင်ကပဲ မွေးနိုင်ပေမလားဟု။



မြင်းခြံ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

# ပိုမိုသုံးရလွယ်ကူပြီး သတင်းသိပိုင်ခွင့်ကို ထိထိရောက်ရောက်ကူညီပေးနိုင်တဲ့ အွန်လိုင်းပေါ်က MOI

ကေ-ဂျူဝယ်လ်

ဝန်ကြီးဌာနအသီးသီးနှင့် ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်တွေ တည်ဆောက်နိုင်ရေးဆိုတာ နိုင်ငံတော်ရဲ့ e-government လုပ်ငန်းစဉ် အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက e-government လုပ်ငန်းစဉ်တွေကို ဖော်ဆောင်ရင်း တစ်ဖက်မှာလည်း သတင်းမီဒီယာကဏ္ဍကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ သတင်းထုတ်ပြန်ရေးကဏ္ဍကို ပူးတွဲတာဝန်ထမ်းဆောင်ပေးနေတဲ့ အွန်လိုင်းပလက်ဖောင်းကတော့ www.moi.gov.mm ပဲ ဖြစ်ပါတယ်။

သုံးစွဲသူတွေအနေနဲ့ကတော့ MOI အနေနဲ့ သိရှိကြပြီး နိုင်ငံတော်အစိုးရအဖွဲ့အစည်းဝက်ဘ်ဆိုက်တစ်ခုအဖြစ်သာမက သတင်းဝက်ဘ်ဆိုက်တစ်ခုအဖြစ်နဲ့ပါ ဆောင်ရွက်နေခြင်းဟာ ပြည်သူတွေ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနေတာပဲ ဖြစ်ပါတယ်။

အွန်လိုင်းပေါ်မှာ လူတွေပြောဆိုဝေဖန်နေကြတဲ့ ကောလာဟလတွေ၊ ပျံ့နှံ့နေတဲ့ သတင်းအချက်အလက်တွေကို အတည်ပြုနိုင်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ပေါ်တယ်ကို အသုံးပြုနိုင်ပါတယ်။ ဒ့ါအပြင် ဝေးလံခေါင်ဖျားဒေသတွေက သတင်းအချက်အလက်တွေကို တိတိကျကျ မြန်မြန်ဆန်ဆန်နဲ့ သိရှိနိုင်ဖို့အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အွန်လိုင်းစာမျက်နှာကို အသုံးပြုနိုင်ပါတယ်။ ဒါကတော့ ပြည်သူတွေအကြားမှာ သတင်းရရှိမှု ကွာဟချက်ကို ချိန်ညှိပေးနိုင်ဖို့အတွက် တိုတိုနဲ့ လိုရင်းထိမိတဲ့ သတင်းအချက်အလက်တွေကို အများပြည်သူထံ အရောက်ပို့ပေးနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။

ဥပဒေတွေ၊ ကြေညာချက်တွေ၊ အရေးပေါ်သတိပေးချက်တွေ၊ ကျန်းမာရေးအသိပေးချက်တွေ စတာတွေကို ပြည်သူတွေသိအောင် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိက ဝက်ဘ်ဆိုက်အပြင် မြန်မာနိုင်ငံမှာ လူသုံးများပြီး ပြည်သူအကြားပျံ့နှံ့လွယ်တဲ့ social media platform တွေကို အသုံးပြုပြီး သတင်းအချက်အလက်တွေ ထုတ်ပြန်ပေးနေပါတယ်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ Facebook like ၁၈ သိန်းကျော်၊ Facebook follower ၁၉ သိန်းကျော်ရှိပြီ ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ အခြား ပြည်တွင်း သတင်းမီဒီယာဝက်ဘ်ဆိုက်တွေရဲ့ ပျံ့နှံ့အားနဲ့ယှဉ်ကြည့်ရင် သိနိုင်ပါတယ်။

ဝက်ဘ်ဆိုက်ကို ဝင်ရောက်တာနဲ့ နေ့စဉ်ဖြစ်ပျက်သမျှ သတင်းအချက်အလက်တွေကနေ အထူးသတင်းတွေ၊ နောက်ဆုံးရသတင်းတွေကို ထင်ထင်ရှားရှား မြင်တွေ့ရမှာဖြစ်သလို အနယ်နယ်အရပ်ရပ်က ရရှိတဲ့ သတင်းဗီဒီယိုတွေကိုလည်း ရှုမြင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်တွေ၊ ဝန်ကြီးဌာနအသီးသီးရဲ့ လူမှုကွန်ရက်စာမျက်နှာတွေကိုလည်း MOI ကနေ တစ်ဆင့် လွယ်လင့်တကူ ချိတ်ဆက်ဝင်ရောက်နိုင်ပါတယ်။

MOI ဝက်ဘ်ဆိုက်မှာတော့ နိုင်ငံတော်အကြီးအကဲတွေရဲ့ သတင်းတွေ၊ ထူးခြားဖြစ်စဉ်သတင်းတွေ၊ အများပြည်သူ သိသင့်သိထိုက်တဲ့သတင်းတွေ၊ နိုင်ငံတော်အစိုးရရဲ့ ထုတ်ပြန်ကြေညာချက်တွေ၊ ဒေသဆိုင်ရာသတင်းတွေ ခွဲခြားတင်ဆက်နေတာကို တွေ့ရပါတယ်။ သတင်းတွေကို တစ်ရက်ပျမ်းမျှ သတင်းစာသား၊ ဓာတ်ပုံနဲ့ ရုပ်သံသတင်းအပုဒ်ရေ ၃၅၀ ဝန်းကျင် လွှင့်တင်နေတဲ့အတွက် တစ်နိုင်ငံလုံးမှာ ဖြစ်ပျက်သမျှ သတင်းဦး၊ သတင်းထူးတွေကို အချိန်မဆိုင်း ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။



**ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ဝက်ဘ်ပေါ်တယ်အဖြစ် အဆင့်မြှင့်တင်ထားခဲ့ရာ ယခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာတော့ ဝက်ဘ်ဆိုက် Drupal 8 ဗားရှင်းအနေနဲ့ အဆင့်မြှင့်တင်ထားတာကြောင့် အသွင်သဏ္ဌာန်ရော၊ တင်ဆက်မှုကိုရော သိသိသာသာပြောင်းလဲလာတာ တွေ့ရပါတယ်။ ဒါကြောင့် အသုံးပြုသူတွေက မူလဝက်ဘ်ဆိုက်လိပ်စာအတိုင်း ရှာဖွေနိုင်သလို ဒီဇိုင်းပိုင်း အပြောင်းအလဲရှိပေမယ့် အသုံးပြုသူတွေအဖို့တော့ သုံးရတာ အခက်အခဲ မရှိတာကိုတွေ့ရ။**

ဝက်ဘ်ဆိုက်ကို လေ့လာကြည့်တဲ့အခါ နိုင်ငံတော်အစိုးရရဲ့ သတင်းထုတ်ပြန်ချက်၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ လှုပ်ရှားဆောင်ရွက်မှု၊ မိန့်ခွန်းတွေနဲ့ အများပြည်သူ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ အားလုံး၊ လတ်တလော သတင်းထုတ်ပြန်ထားချက်တွေနဲ့ ဒေသဆိုင်ရာသတင်းတွေကို အဓိကထား လွှင့်တင်နေတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် လတ်တလောအရေးပေါ်ဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ သတင်းတွေ၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်တွေ၊ ပညာရေးဆိုင်ရာအချက်အလက်တွေကို ရယူနိုင်ဖို့အတွက် ကူညီနိုင်တဲ့ ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေလျက်ရှိတဲ့ နေ့စဉ်ထုတ်သတင်းစာတွေ၊ MRTV live stream၊ လွှတ်တော် live stream၊ နိုင်ငံတော်ဆိုင်ရာပြန်တမ်း၊ ဌာနဆိုင်ရာပြောခွင့်ရပုဂ္ဂိုလ်တွေ စာရင်း၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး စာရင်းတွေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့အမည်စာရင်းတွေ၊ ဥပဒေတွေ၊ နိုင်ငံတော်အကြီးအကဲ မိန့်ခွန်းတွေအားလုံးကို တစ်နေရာတည်းမှာ တစုတစည်းတည်းရနိုင်တာကိုလည်း တွေ့ရပါတယ်။ အခုနောက်ပိုင်းမှာ အသစ်ထပ်တိုးထားတဲ့ ကဏ္ဍသစ်တွေကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့လပိုင်းကနေစလို့ ပညာရေးဆိုင်ရာ အချက်အလက်၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်၊ နယ်မြေဒေသဆိုင်ရာ အချက်အလက်နဲ့ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်ဆိုပြီး အသစ်ကဏ္ဍတွေတိုးချဲ့ထားတဲ့အတွက် ဖတ်ရှုဖွယ်ရာ အတော်လေးများပြားလာတာကိုလည်း သတိထားမိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ဝက်ဘ်ပေါ်တယ်အဖြစ် အဆင့်မြှင့်တင်ထားခဲ့ရာ ယခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာတော့ ဝက်ဘ်ဆိုက် Drupal 8 ဗားရှင်းအနေနဲ့ အဆင့်မြှင့်တင်ထားတာကြောင့် အသွင်သဏ္ဌာန်ရော၊ တင်ဆက်မှုကိုရော သိသိသာသာပြောင်းလဲလာတာ တွေ့ရပါတယ်။ ဒါကြောင့် အသုံးပြုသူတွေက မူလဝက်ဘ်ဆိုက်လိပ်စာအတိုင်း ရှာဖွေနိုင်သလို ဒီဇိုင်းပိုင်း အပြောင်းအလဲရှိပေမယ့် အသုံးပြုသူတွေအဖို့တော့ သုံးရတာအခက်အခဲမရှိတာကို တွေ့ရပါတယ်။

အဆင့်မြှင့်တင်လိုက်တဲ့အတွက် MOI ကို ပိုပြီး မြန်မြန်ဆန်ဆန် ဝင်ရောက်နိုင်သလို အချက်အလက်တွေကိုလည်းရယူတဲ့အခါ ပိုမိုလွယ်ကူလာတဲ့အပြင် full responsive design ဖြစ်တဲ့အတွက် ဖုန်းတွေနဲ့ကြည့်ရှုတဲ့အခါမှာလည်း ပိုပြီးအဆင်ပြေပြေ ဝင်ရောက်ကြည့်ရှုနိုင်တဲ့ အားသာချက်ရှိလာတာကို သတိပြုမိပါတယ်။ ဒါတင်မကသေးဘူး၊ ဖုန်း၊ ကွန်ပျူတာမှာပါတဲ့ ဖောင့်နဲ့ အသုံးပြုနိုင်ပြီး ဘာဖောင့်မှမရှိရင်တောင် ဝက်ဘ်ဆိုက်ဖွင့်လိုက်တာနဲ့ ဖတ်ရှုနိုင်တာကလည်း အားသာချက်တစ်ခု ဖြစ်ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ ဝက်ဘ်ဆိုက်တွေကနေ လွှင့်တင်တဲ့သတင်းတွေကိုလည်း MOI မှာ အချိန်နဲ့တစ်ပြေးညီ ဖတ်ရှုနိုင်သလို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်ရုံးတွေမှာရှိတဲ့ မြို့နယ်သတင်းထောက်တွေ ရေးသားတဲ့သတင်းတွေကိုလည်း နေ့စဉ်ဖတ်ရှုနိုင်ပါတယ်။ **စာမျက်နှာ ၂၅ သို့** ❖





❖ စာမျက်နှာ ၂၄ မှ

Online Media platform အနေနဲ့ website တစ်ခုတည်းမဟုတ်ပါဘူး၊ Myanmar Website၊ English Website၊ Facebook၊ Blog၊ Twitter၊ Viber စသည်ဖြင့် ပလက်ဖောင်းမျိုးစုံ၊ social media မျိုးစုံကနေ ပြည်သူတွေအတွက် သတင်းသိရှိပိုင်ခွင့်ကို အရပေးအပ်နေတာကြောင့် ဗဟုသုတအပြင် လက်ရှိနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးအစရှိတဲ့ ကဏ္ဍအသီးသီးက ကိစ္စရပ်မျိုးစုံကို တစ်နေရာတည်းမှာ သိရှိနိုင်မှာ ဖြစ်ပါတယ်။

ဥပဒေတွေ၊ ကြေညာချက်တွေ၊ အရေးပေါ်သတိပေးချက်တွေ၊ ကျန်းမာရေးအသိပေးချက်တွေ စတာတွေကို ပြည်သူတွေသိအောင် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အဓိကဝက်ဘ်ဆိုက်အပြင် မြန်မာနိုင်ငံမှာ လူသုံးများပြီး ပြည်သူအကြား ပျံ့နှံ့လွယ်တဲ့ social media platform တွေကနေ သတင်းအချက်အလက်တွေ ထုတ်ပြန်ပေးနေတာလည်း ဖြစ်ပါတယ်။ MOI Webportal Myanmar ဆိုပြီး ဖေ့စ်ဘွတ်ကနေလည်း နေ့စဉ် သတင်းဦး၊ သတင်းထူးတွေကို တင်ဆက်ပေးနေတာပါ။

## အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်

ထုတ်လွှင့်မှုပိုင်းမှာ ရုံးချိန်အတွင်းရော ရုံးချိန် ပြင်ပပါ ၂၄ နာရီ တာဝန်ချထား ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ပြနိုင်ဖို့ လိုအပ်တဲ့သင်တန်းတွေ၊ ဆင့်ပွားသင်တန်းတွေကိုလည်း ပို့ချပေးထားကာ သက်ဆိုင်ရာသတင်းထောက်တွေနဲ့ သတင်းတည်းဖြတ်သူတွေလည်း အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် သတင်းတွေ နှောင့်နှေးမှုမရှိအောင် ကြိုးစားနေတယ်လို့လည်း သိရှိရပါတယ်။

အခုလို ကိုဗစ်-၁၉ ရောဂါကို ကြံ့ကြံ့ခံအန်တုနေကြတဲ့ကာလမှာ အများပြည်သူတွေဟာ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို သိရှိနိုင်ဖို့အတွက် အတော်လေး အရေးကြီးပါတယ်။ သတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် အရောက်ပေးပို့နိုင်ဖို့အတွက် MOI ဝိုင်းတော်သားတွေကလည်း ကြိုးစားတင်ဆက်ပေးနေပါတယ်ဆိုတဲ့ အကြောင်းကို သတင်းကောင်းပါးရင်း ဝင်ရောက်ကြည့်ရှုဖို့အတွက် ဖိတ်ခေါ်လိုက်ရပါတယ်။ ။




















## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၂/၂၀၂၀)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ Pipeline Free Span Rectification ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001 (20-21) | 24" Offshore Domestic Gas Pipeline Free Span Rectification | Kyats |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့် ၂၃-၉-၂၀၂၀ ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်(သို့မဟုတ်) အမှတ်(၄၇)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရန်ကုန်မြို့)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၁-၂၀၂၀ ရက် (၁၆:၃၀)နာရီတွင် နောက်ဆုံးထား၍ ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်(သို့မဟုတ်) အမှတ်(၄၇)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရန်ကုန်မြို့)သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇- ၄၁၁၃၃၁/၀၁-၆၅၇၆၇၁/၄၁၁၀၉၇**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | 2-20(T) | ရမည်းသင်းမြို့၊ ရမည်းသင်းခွဲရုံရှိ ၃၃/၁၁ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာအား (၂၀)အမ်ဗွီအေ ထရန်စဖော်မာဖြင့် အဆင့်မြှင့်တင်တပ်ဆင်ခြင်းလုပ်ငန်း |
| ၂ | 2-21(T) | စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်ခွဲရုံတွင် ၃၃/၁၁ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာမှ (၂၀)အမ်ဗွီအေ ထရန်စဖော်မာသို့ တိုးမြှင့်တပ်ဆင်ခြင်းလုပ်ငန်း |
| ၃ | 2-22(T) | ၃၃/၁၁ ကေဗွီ ဟံဇာဓာတ်အားခွဲရုံသို့ သာစည်ပင်မဓာတ်အားခွဲရုံမှ ၃၃ကေဗွီ ဟံဇာဓာတ်အားလိုင်း (၁၂)မိုင်အား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | 2-23(T) | မလှိုင်မြို့နယ်အတွင်း ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သော ၃၃ ကေဗွီ မြင်းခြံ-တောင်သာ-မလှိုင်လိုင်း(မလှိုင်အပိုင်း) (၁၃.၈)မိုင်အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | 2-24(T) | မြင်းခြံပင်မဓာတ်အားခွဲရုံမှ နွားထိုးကြီးဓာတ်အားခွဲရုံအထိ ၃၃ကေဗွီ မြင်းခြံ-နွားထိုးကြီး ဓာတ်အားလိုင်း(၂၀)မိုင်အား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | 2-25(T) | မတ္တရာမြို့နယ်၊ လွန်ကောင်းကျေးရွာမှ မတ္တရာမြို့အထိ ၃၃ကေဗွီ ဓာတ်အားလိုင်း (၇)မိုင် တည်ဆောက်ခြင်းလုပ်ငန်း |
| ၇ | 2-26(T) | ရမည်းသင်းမှ ပျော်ဘွယ်သို့ ၆၆ကေဗွီဓာတ်အားလိုင်း (၁၄)မိုင်တည်ဆောက်ခြင်းလုပ်ငန်း |
| ၈ | 2-28(T) | ၃၃/၁၁ ကေဗွီ ထွန်တုံးဓာတ်အားခွဲရုံတွင် (၁၀)အမ်ဗွီအေမှ (၂၀)အမ်ဗွီအေ ထရန်စဖော်မာသို့ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်း |
| ၉ | 2-29(T) | ၃၃/၁၁ ကေဗွီ ၆၅ဓာတ်အားခွဲရုံတွင် (၁၀)အမ်ဗွီအေမှ(၂၀)အမ်ဗွီအေ ထရန်စဖော်မာသို့ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်း |
| ၁၀ | 2-30(T) | ၃၃/၁၁ ကေဗွီ တိုက်တော်ဓာတ်အားခွဲရုံတွင် (၁၀)အမ်ဗွီအေမှ(၂၀)အမ်ဗွီအေ ထရန်စဖော်မာသို့ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်း |
| ၁၁ | 2-31(T) | ၃၃/၁၁ ကေဗွီ ဝါခင်းကုန်းဓာတ်အားခွဲရုံတွင် (၁၀)အမ်ဗွီအေမှ(၂၀)အမ်ဗွီအေ ထရန်စဖော်မာသို့ အစားထိုးတပ်ဆင်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၉-၂၀၂၀ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၁-၁၀-၂၀၂၀ ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၆၉၁၂၁**

## သတိပေးကြေညာခြင်း

ဦးညီညီအောင် [၁၂/ကမရ(နိုင်)၀၅၂၂၅၂]သည် ဒေါ်ဆုဆုစံ [၁၂/သဃက(နိုင်)၁၆၅၅၆၃]နှင့် (၅-၅-၂၀၂၀)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီး၊ ပစ္စည်းခွဲဝေခဲ့ကြပြီးဖြစ်ကာ လုပ်ကိုင်ခဲ့သည့်လုပ်ငန်းမှ နုတ်ထွက်ရှင်းလင်း စွန့်လွှတ်ထွက်ခွာ သွားခဲ့ပြီးဖြစ်၍ သက်ဆိုင်ခြင်းမရှိကြတော့သည့်အပြင် လူမှုရေး၊ စီးပွားရေးနှင့် မည်သည့်ကိစ္စမျှ ဆက်သွယ်ပတ်သက်ခြင်းမရှိဘဲ သီးခြားရှင်းလင်းကင်းရှင်းစွာ နေထိုင်လုပ်ကိုင် စီမံဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ဦးညီညီအောင်ကို ပုဂ္ဂိုလ်ဆိုင်ရာ၊ ပစ္စည်းဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာစေရန် ပြောဆိုပြုမူ လုပ်ကိုင်ဆောင်ရွက်သူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဦးညီညီအောင် [၁၂/ကမရ(နိုင်)၀၅၂၂၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝဏ္ဏ (Ll.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၂/၂၀၁၇)**
**အမှတ်(၁၀/၁၂)၊ အခန်း-၁၀၄/ဈ၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာ
စို့

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Direct to Home(DTH)Network ကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သောပစ္စည်းများ (1 Lot)

(ခ) 9 Meter Earth Station အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း (1 Lot)

(ဂ) SD မှ HDစနစ်သို့ အဆင့်မြှင့်တင်ခြင်းအတွက် လုပ်ငန်းသုံးပစ္စည်းများထပ်မံဖြည့်ဆည်းဝယ်ယူခြင်း HD Playout System(P2,P3,P4) (1 Lot)

(ဃ) Studio များအတွက် လိုအပ်သော Spare Parts ပစ္စည်းများ ဝယ်ယူခြင်း (1 Lot)

(င) Frequency Planning ရေးဆွဲရေးအတွက် လိုအပ်သော Progira Software ဝယ်ယူခြင်း (1 Lot)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၉-၂၀၂၀ ရက်မှ ၂၆-၁၀-၂၀၂၀ ရက်ထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) ပြည်လမ်းနှင့် နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်) ပြည်လမ်းနှင့် နေပြည်တော် (တပ်ကုန်း) ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊
## ချင်းပြည်နယ်
## ဟားခါးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | - | ၂၈-၉-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - | ၂၆-၁၀-၂၀၂၀ ရက်မှ ၂၇-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၂၄၅၊ ၀၉-၄၂၇၉၄၅၇၂၄**

## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊
## ဟားခါးမြို့
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် | - | ၂၅-၉-၂၀၂၀ရက်မှ ၂၁-၁၀-၂၀၂၀ရက်ထိ ရုံးချိန်အတွင်း |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - | ၂၂-၁၀-၂၀၂၀ရက်မှ ၂၃-၁၀-၂၀၂၀ရက်ထိ ရုံးချိန်အတွင်း |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၂၄၅၊ ၀၉-၄၂၇၉၄၅၇၂၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ် (၉၄၃မှ ၉၅၁)အထိ မြေတစ်ကွက်လျှင် အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ ပါမစ်မြေကွက်(၉)ကွက်အား မြေအမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း[၁၂/အစန(နိုင်)၀၇၉၇၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေကွက်များ၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်ထွန်း B.A(LAW), LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၅၃)**
**အမှတ်(၂၄)၊ (၃)လွှာ၊ ပုသိမ်ညွှန့်(၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၂၃၈၂၂**

## အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါကူးစက်ပျံ့နှံ့မှုသည် ဒုတိယလှိုင်းထပ်မံဖြစ်ပွားနေပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရောဂါကူးစက်ပျံ့ပွားမှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး(ကိုကိုးကျွန်းမြို့နယ်မပါ)မှ ပြည်သူများအား မိမိနေအိမ်တွင်သာနေထိုင်ရန် (Stay at Home) အမိန့်ထုတ်ပြန်ခဲ့သဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ နေ့စဉ်ထုတ်သတင်းစာများတွင် ခေါ်ယူထားသော ၂၉-၉-၂၀၂၀ ရက်နှင့် ၆-၁၀-၂၀၂၀ ရက်တွင် ဖွင့်မည့် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားတင်ဒါကိုလည်းကောင်း၊ ၂၂-၉-၂၀၂၀ ရက်မှ ၃-၁၁-၂၀၂၀ ရက်ထိ ဖွင့်မည့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ ယူရီးယားတင်ဒါများကို လည်းကောင်း၊ ၁၅-၁၀-၂၀၂၀ ရက်တွင် ဖွင့်မည့် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ရေနံချေးတင်ဒါကိုလည်းကောင်း ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 7(T)/DPTSC(PTP)/20-21 | ၆၆ ကေဗွီ မတူပီ-ရေဇွာ ဓာတ်အားလိုင်း (ချင်းပြည်နယ်) |
| ခ | 8(T)/DPTSC(PTP)/20-21 | ၆၆ ကေဗွီ သိန္နီ-ကွမ်းလုံ ဓာတ်အားလိုင်း (ရှမ်းပြည်နယ်) |
| ဂ | 9(T)/DPTSC(PTP)/20-21 | ၆၆ ကေဗွီ မိုးမိတ်-မဘိမ်း ဓာတ်အားလိုင်း (ရှမ်းပြည်နယ်) |
| ဃ | 10(T)/DPTSC(PTP)/20-21 | ၆၆ ကေဗွီ ဂန့်ဂေါ-နှမ်းခါး ဓာတ်အားလိုင်း (စစ်ကိုင်းတိုင်းဒေသကြီး) |
| င | 11(T)/DPTSC(PTP)/20-21 | ၆၆ ကေဗွီ နဘား-ထီးချိုင့် ဓာတ်အားလိုင်း (စစ်ကိုင်းတိုင်းဒေသကြီး) |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၃-၁၀-၂၀၂၀)ရက်၊ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web- Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အမှုဆောင်ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

ကျွန်တော်များ Enormous Money - Spinner Microfinance Co., Ltd ၏ (၄-၈-၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ B.O.D အဖွဲ့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| အမည် | မှတ်ပုံတင်အမှတ် | ရာထူး |
|---|---|---|
| (က) ဦးဝင်းကို | [၁၃/ကတန(နိုင်)၀၅၄၆၀၀] | MD/CEO |
| (ခ) ဦးသက်စိန်း | [၁၂/လမတ(နိုင်)၀၂၉၆၁၉] | Ex-Director |
| (ဂ) ဒေါ်ပြည့်ပြည့်ဝင်းကို | [၁၃/လကန(နိုင်)၀၀၀၀၀၉] | CFO-Director |
| (ဃ) ဒေါ်ရည်မွန်ဦး | [၁၃/စခန(နိုင်)၀၇၆၆၀၂] | Director (HR-Admin) |
| (င) ဒေါ်ဖြူဖြူနိုင် | [၁၂/စခန(နိုင်)၀၀၄၅၇၇] | Director |
| (စ) ဒေါ်အေးအေးသန်း | [၁၃/ကလန(နိုင်)၀၅၄၅၄၀] | Director |
| (ဆ) ဒေါ်ဖူးပြည့်ဝင်းကို | [၅/ဘတလ(နိုင်)၁၀၀၀၀၀] | Director |
| (ဇ) ဒေါ်သျှင်ပြည့်စုံကို | [၁၂/စခန(နိုင်)၀၇၇၇၇၇] | Director |

**Enormous Money - Spinner Microfinance Co., Ltd**

## ဒေါ်နီနီသန်း[၁၂/အစန(နိုင်)၁၁၆၇၁၈]နှင့် အများပြည်သူသိစေရန် ကြေညာချက်

ဦးအောင်တင် [၁၂/အစန(နိုင်)၁၁၆၇၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ . . .

အောက်စာရင်းပါ မရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် ဦးအောင်တင်နှင့် ဒေါ်နီနီသန်းတို့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ပါ၍ ဦးအောင်တင်ကိုယ်တိုင် သိရှိသဘောတူ လက်မှတ်ရေးထိုးခြင်းမရှိဘဲ ဒေါ်နီနီသန်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းမှအစ အခြားနည်းတစ်စုံတစ်ရာ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ဦးအောင်တင်မှ ဒေါ်နီနီသန်းအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်ပါဝါအားလည်း ဤကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းစာရင်း**

၁။ အမှတ်(၁၀၀၁)၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ၎င်းပေါ်ပါ အကျိုးခံစားခွင့် အရပ်ရပ်။

၂။ ဦးသန်းဝင်းနှင့် ဒေါ်ဝင်းကြည်တို့ထံမှ ဝယ်ယူထားသော အမှတ်(၁၀၀၂)၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်မှဆစ်ပိုင်းဝယ်ယူထားသည့် ပေ(၁၀x၇၄) မြေကွက်နှင့် မြေကွက်ပေါ်ပါ အကျိုးခံစားခွင့်အရပ်ရပ်။

၃။ ခြံအမှတ်(၂)၊ ခနဲကြီးကျေးရွာရပ်ကွက်၊ တိုးချဲ့ကွက်သစ်၊ ထန်းတပင်မြို့နယ်ဟုခေါ်တွင်သော ပေ(၄၀x၆၀)(စလစ်အမည်ပေါက် မင်းမင်းထွန်း) မြေကွက်နှင့် မြေကွက်ပေါ်ပါ အကျိုးခံစားခွင့်အရပ်ရပ်။

**ဦးအောင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်းမြင့်**
**B.A Law),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၉)**
**တိုက်-၁/၈၊ မြကန်သာအိမ်ရာ၊**
**အမှတ်(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၂၇၃၁၄၊ ၀၉-၄၃၀၈၄၃၂၃**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၂) တည်ဆောက်ရေး၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတွင် အောက်ပါလုပ်ငန်းအတွက် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) ပင်မတမံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း(၆၀၀၀၀) ကျင်း (Tender No.01/DHPI(P&W)/2020-2021)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - ၂၄-၉-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ရက်နေ့ထိ ရုံးဖွင့်ရက် ၁၃:၀၀ နာရီမှ ၁၄:၃၀ နာရီအတွင်း |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - ရုံးအမှတ်(၂၇)၊ ရှေ့အဝင်ဂိတ် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် | - (၂၃-၁၀-၂၀၂၀)ရက်၊ (၁၄:၀၀) နာရီ လက်ထောက်ညွှန်ကြားရေးမှူး၊ (၅)ရုံး၊ အမှတ်(၁)တည်ဆောက်ရေး၊ပန်းခင်းလမ်း၊ ပန်းခင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မီးသတ်ဦးစီးဌာန
## မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး
## "အိတ်ဖွင့်တင်ဒါကြော်ငြာစာ"

အကြောင်းအရာ ။ **စက်ပစ္စည်းကိရိယာများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ **ဝယ်ယူမည့်ဌာန/အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ**
မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ လမ်းမတော်လမ်းနှင့် (၁)လမ်းထောင့်၊ ဆားစည့်ရပ်ကွက်၊ မကွေးမြို့။

၂။ **တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေး သတ်မှတ်ချက်များ**
(က) LUF 60 (၁)စီး
(ခ) Leader Mix (၁)ခု
(ဂ) Fire Protection System Testing Equipment (၂)စုံ
(ဃ) Personal Protective Equipment(၃၅)စုံ
(င) Breathing Apparatus Set (၂၃)လုံး
(စ) Fire Fighting Truck (၁)စီး
(ဆ) Water Wowser Truck (၁၁)စီး
(ဇ) Leader Sentry (၁)ခု
(ဈ) Chemical Suit CPS 7900 (၂)စုံ
(ည) Stabilizer (၂)ခု
(ဋ) CCTV and accessories (၂၅)စုံ
(ဌ) Intelligence Lifebuoy (၂)ခု
(ဍ) လက်ယက်မနယ်မြေမီးသတ်စခန်း (၄၅x ၃၉x ၁၆)ပေ RC(၁)ထပ် (ပြင်ပရေ/မီးပါ)
(ဎ) (၄)ခန်းတွဲ (၁)ထပ် (၄၈x၃၀x၁၀) ပေ၊ Steel Structure ဝန်ထမ်းနေအိမ် (၁၉ လုံး)
(ကြို့ပင်၊ ကန်ဗွန်းမ၊ လက်ယက်မ၊ မကွေးခရိုင်၊ စလေ၊ ပခုက္ကူခရိုင်၊ စက်မှုဇုန်၊ ပခန်းကြီး၊ လင်းကတော၊ ရေပြာ၊ ပိတောက်ပင်၊ ရှမ်းတပ်၊ ညောင်ဝိုင်း၊ ကျောက်တိုင်၊ မင်းဘူးမြို့နယ်၊ ရွာသာယာ၊ ကုန်းဇောင်း၊ တညောင်၊ သရက်တောနယ်မြေမီးသတ်စခန်းများ)

၃။ **တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာလိုအပ်ချက်များ**
(က) တင်ဒါတင်သွင်းသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။
(ဂ) နိုင်ငံတော်မှ သတ်မှတ်ထားသည့်အခွန်များ ပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။
(ဃ) ဌာန/အဖွဲ့အစည်းတစ်ခုခုမှ အမည်ပျက်စာရင်းတင်သွင်းခြင်းခံရသူ မဖြစ်စေရ။
(င) တင်ဒါလျှောက်ထားသည့်လုပ်ငန်းကို အမှန်တကယ်စိတ်ပါဝင်စားပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ တစ်ဆင့်ခံ ပြန်လည်လွှဲပြောင်းခြင်း မပြုရ။

၄။ **တင်ဒါတင်သွင်းရမည့်နည်းလမ်း၊ နေရာနှင့် နောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန်**
(က) **တင်ဒါတင်သွင်းရမည့်နည်းလမ်း**- တင်ဒါလျှောက်ထားသည့်ကုမ္ပဏီမှ ကိုယ်စားလှယ်ကိုယ်တိုင် သတ်မှတ်နေရာ၊ သတ်မှတ်အချိန်အရောက် လာရောက်တင်သွင်းရမည်။

| | | |
|---|---|---|
| (ခ) | တင်ဒါရောင်းချမည့်ရက် | - ၂၃-၉-၂၀၂၀(ဗုဒ္ဓဟူးနေ့) |
| (ဂ) | တင်ဒါရောင်းချမှုပိတ်မည့်ရက် | - ၂၃-၁၀-၂၀၂၀(သောကြာနေ့)၊ (၁၆:၃၀) နာရီ |
| (ဃ) | တင်ဒါတင်သွင်းရမည့်ရက် | - ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) |
| (င) | ဆက်သွယ်ရန်လိပ်စာ | - မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ လမ်းမတော်လမ်းနှင့် (၁)လမ်းထောင့်၊ ဆားစည့်ရပ်၊ မကွေးမြို့။ |
| (စ) | **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - ၀၆၃-၂၈၆၅၈၊ ၀၉-၂၅၉၀၁၃၂၆၆ |

**တင်ဒါကော်မတီ**
**မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**




ဖုန်းSim Card ဝယ်မည်
50/ 51/ 55
240000 ကျပ်ဖြင့်
အိမ်အရောက်ဝယ်ယူနေပါပြီ
Call - 09-5089555

Air-con အဟောင်းအသစ်
အလဲအထပ်လုပ်ပေးခြင်းနှင့်
အဟောင်းအပျက်များကို
ဈေးကောင်းပေးဝယ်သည်။
Ph:09-445063969

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ စတုတ္ထထပ်၊ (၃)စီ၊ အမှတ်-၂၅၆/၂၆၆ တိုက်ခန်းကို ပိုင်ဆိုင်သူ ဒေါ်ထားရီ[၁၂/မရက(နိုင်)၀၈၄၀၈၈]ထံမှ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက လွတ်လပ်သော အခြေအနေဖြင့် လက်ရောက်ဝယ်ယူရန် ၎င်းတိုက်ခန်း၏ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို တိုက်ခန်းပိုင်ရှင်ဒေါ်ထားရီအား ပေးအပ်ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အကြောင်းကြားစာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ချို(B.Sc.,R.L)** | **ဒေါ်နှင်းစန္ဒာချို(B.A(Law),D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၃၀/၁၉၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၈၀၉)** |

**အမှတ်-၁၇၃၊ ၅ဘီ၊ ဆိပ်ကမ်းသာကွန်ဒို၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၈၈၅၃၊ ၀၉-၄၄၂၆၂၉၉၅၃** **E: ip@kmciplawfirm.com**

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ထားရီ ၊ အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ ဦးမြင့်သိန်း(ကထိက-ငြိမ်း၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏ဇနီး ဗိုလ်ချုပ်ဖော်မြင့်နိုင်+ဒေါ်တင်တင်အုန်း တို့၏မိခင်ကြီးဖြစ်သူ ဒေါ်ထားရီ၊ အသက်(၈၁)နှစ်သည် ၁၉-၉-၂၀၂၀ (စနေနေ့) နံနက်(၁း၄၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မောင်မောင်မြင့်(ငြိမ်း)+ဒေါ်ခင်ဆွေဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန၊ အငြိမ်းစား ပါမောက္ခ(ဌာနမှူး) ဆရာမကြီး ဒေါ်စန်းစန်းမြင့် အသက် (၈၁)နှစ်သည် ၂၃-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ၊ ဆရာမများ**
**ရုံးဝန်ထမ်းများ (ဒဂုံတက္ကသိုလ် ပထဝီဝင်မိသားစု)**

## ဒေါ်ကြည်စိန်

**အသက် (၉၁)နှစ်**

အမှတ် (၆၄)၊ ဇေယျာသီရိလမ်း၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစစ်တီး-ဒေါ်အေးသွယ်)တို့၏ သမီး၊ (ဦးနေအောင်)၏ ဇနီး၊ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း)၊ (ပါမောက္ခချုပ်-ငြိမ်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်)၊ ဒေါ်စန်းစန်းအေးအောင် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ အမှတ်-၃၄၊ အကြီးစားစက်ရုံ၊ သာယာဝတီ)၊ ဦးအောင်နိုင်တို့၏ မိခင်၊ ကိုဖွဲ့လင်းထက် (Managing Director, Illuminating Success Co., Ltd.)၏ အဘွား ဒေါ်ကြည်စိန်သည် ၂၃-၉-၂၀၂၀ ရက် နံနက် ၇:၁၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တောတောင်ပျက်ပြုန်းမြေဆီသုဉ်း၏

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးမင်းဇော်(ငြိမ်း)

**အသက် (၅၈)နှစ်**

**တေဇ(၁၂)**

**လက်ထောက်စက်ရုံမှူး**

**အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်)**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နေ ဒေါ်စန္ဒာအေး၏ ခင်ပွန်း၊ မောင်သူရစံ (ခေတ္တ-မလေးရှား)နှင့် မဇင်နှင်းထက်တို့၏ ချစ်လှစွာသောဖခင် ဦးမင်းဇော်(လက်ထောက်စက်ရုံမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)သည် ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒဂုံတက္ကသိုလ်၊ ပထဝီဝင် ကျောင်းသား/ကျောင်းသူဟောင်းများအသင်း၏ ကန်တော့ခံဆရာမကြီး ဒေါ်စန်းစန်းမြင့် အသက်(၈၁)နှစ် ပါမောက္ခဌာနမှူး(ငြိမ်း)၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်သည် ၂၃-၉-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းရပါကြောင်း။

**ပထဝီဝင် ကျောင်းသား/ကျောင်းသူဟောင်းများအသင်း**
ဒဂုံတက္ကသိုလ်

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြည်စိန်

အသက်(၉၁)နှစ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၏ မိခင်ဒေါ်ကြည်စိန်သည် ၂၃-၉-၂၀၂၀ ရက် နံနက် ၇:၁၅ နာရီတွင် လူကြီးရောဂါဖြင့် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊စက်မှုဇုန်-၅၊ ရွာဝတီလမ်း၊အမှတ်-၈၃တွင်ရှိသော **Myanmar Chemical Mart Co., Ltd** (မြန်မာဓာတုပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)၏ညွှန်ကြားချက်အရအောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည် အမှတ် အသားများ ကို အောက်ပါ အတိုင်းသတိပေးကြေညာအပ်ပါသည်။




**မှတ်ပုံတင်အမှတ်- ၄/၆၇၄၈(၄-၉-၂၀၀၉)**




**မှတ်ပုံတင်အမှတ်- ၄/၆၇၄၉(၄-၉-၂၀၀၉)**




**မှတ်ပုံတင်အမှတ်- ၄/၆၇၄၈(၄-၉-၂၀၀၉)**




**မှတ်ပုံတင်အမှတ်- ၄/၆၇၄၉(၄-၉-၂၀၀၉)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို(ပန်းကန်ဆေးဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ကားရေဆေးဆပ်ပြာရည်) (အညစ်အကြေးသန့်စင်ရာတွင်အသုံးပြုသောဆေးရည်) (ကြမ်းတိုက်ဆေးရည်)(ရောဂါပိုးများသေစေနိုင်သောဆေးရည်)အစရှိသောဆပ်ပြာရည် များ ထုတ်လုပ်ပြီး ထုပ်ပိုးရာတွင်လည်းကောင်း၊

Bun

**မှတ်ပုံတင်အမှတ်- ၄/၈၀၄၂(၁၇-၃-၂၀၂၀)**

ကြက်တူရွေး

**မှတ်ပုံတင်အမှတ်- ၄/၃၃၅၀(၁၇-၃-၂၀၂၀)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို စားသောက်ကုန်များ ထုတ်လုပ်ရာတွင် ထည့်သွင်း အသုံးပြုရသည့် "အရောင်၊ အနံ့၊ အရသာ" နှင့် စားသောက်ကုန်လုပ်ငန်းသုံး ဖြည့်စွက်ပစ္စည်း အမျိုးမျိုးတို့ကို ထုပ်ပိုးရာတွင်လည်းကောင်း၊ အသုံးပြုသော စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပုံး၊စက္ကူထုပ်၊ပလတ်စတစ်အိတ်၊ပလတ်စတစ်ထုပ်၊ ပါဆယ်ထုပ်၊ ပီပါဘူး၊ အမျိုးအစားအမျိုးမျိုး၊ ပလတ်စတစ်ဘူး၊ ဖန်ဘူးအမျိုးမျိုး အစရှိသည်တို့ အပေါ်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ ကိုအရောင်အမျိုးမျိုး၊ဒီဇိုင်းအမျိုးမျိုး၊အရွယ်အစားအမျိုးမျိုး တို့ဖြင့် ရိုက်နှိပ်၍ဖိနှိပ်၍ကပ်နှိပ်၍ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်အသုံးပြု ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိပါသည်။အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်များကိုမိမိတို့ကုမ္ပဏီပိုင်ကုန်အမှတ်တံဆိပ်များအဖြစ်ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး တွင် တရားဝင် မှတ်ပုံတင် သွင်းခဲ့ပြီး ဖြစ်ပါသည်။သို့ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်ပြီး တစ်စိတ်တစ်ဒေသကိုဖြစ်စေ(သို့)တစ်ခုလုံးကိုဖြစ်စေ၊ အားလုံးကို ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊သံတူကြောင်းကွဲစကားလုံးကိုဖြစ်စေ၊ ထင်ယောင် ထင်မှားဖြစ်စေရန်၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းစန်းမြင့်ဝေ၊ တရားလွှတ်တော်ရှေ့နေ (၆၇၆၂/၁၉၉၉)**
**KST Legal ၊ အမှတ်-၄၂ ဘီ၊ (၇-လွှာ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးခင်မောင်ဦး

## ရွှေဘဲစားသောက်ဆိုင်များအုပ်စုပိုင်ရှင်

လူချစ်လူခင်များတဲ့ ခင်မောင်ဦး၊

ဒို့ချစ်တဲ့ ခင်မောင်ဦး၊

၂၀၂၀ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူနွမြောတသ ဝမ်းနည်းကြေကွဲရပါတယ်။

**ခင်မောင်ဦးကိုချစ်တဲ့ ဒို့အုပ်စု**

**ဦးမြတ်တိုး၊ ဦးမြင့်၊ ဦးချစ်စံ (ချစ်စံဝင်း)**
**ဦးမောင်မောင်ထိပ်၊ ဦးခင်မောင်မြင့်၊ ဦးကြီးစိန်**
**ဦးသီဟ၊ ဒေါက်တာခင်မောင်ဇော်၊ ဦးတင်ထွန်း**

## အစုရှယ်ယာနှင့် မတည်ရင်းနှီးငွေ လျှော့ချကြောင်း ကြေညာခြင်း

Gracious Development Co., Ltd ဒါရိုက်တာအဖွဲ့၏ ၂၂-၉-၂၀၂၀ တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် (၁၀၀၀၀)တန်ဖိုး ကျပ်သိန်း (၁၀၀၀၀)မှ အစုရှယ်ယာအရေအတွက် (၅၀၀၀) တန်ဖိုး ကျပ်သိန်း (၅၀၀၀)သို့ အစုရှယ်ယာလျှော့ချပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Gracious Development Co., Ltd

## မတည်ရင်းနှီးငွေလျှော့ချကြောင်းကြေညာချက်

Nature Dream Travels and Tours Co.,Ltd ၏ ၃၀-၈-၂၀၂၀ တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေ ကျပ်သိန်း ၁၀၀၀ မှ မူလ Form E အတိုင်း ကျပ်သိန်း ၅၀ သို့ ပြန်လည်လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Nature Dream Travels and Tours Co., Ltd**
**Ph:01-392239**

## ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

facebook

## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ



လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိက ဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုသို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသောအကြောင်းအရာကိုဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ဆင့်ဆင့်သက် (မြိုတ်)

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အသက် (၈၇)နှစ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး-ဒေါ်တိုးတိုးသူတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဆင့်ဆင့်သက် (အထက်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၁၊ မြိုတ်)သည် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) ည ၉ :၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**

## ဦးခင်မောင်ငြိမ်း

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော့ - ဒေါ်အုန်းတင်) တို့၏သားကြီး (ဒေါ်ခင်စောဦး)၏ခင်ပွန်း၊ ဦးတိတ်လွင်-ဒေါ်အေးအေးငြိမ်း၊ ဦးသန့်ဇင်၊ ဦးအောင်ကျော်သိန်း-ဒေါ်နန်စီသိန်း၊ (ဦးသိန်းထွန်းဝင်း)- ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး(၆)ယောက်၊ မြစ်(၂)ယောက်တို့၏ အဘိုးဖြစ်သူ ဦးခင်မောင်ငြိမ်းသည် ၂၁-၉-၂၀၂၀ ရက် (တနင်္လာနေ့) ည ၈:၂၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဆင့်ဆင့်သက်(မြိုတ်)

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်67($C_2$) ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးတင်ဒွန်း)၏ဇနီး (ဦးသန်းညွန့်-ဒေါ်မြင့်မြင့်သက်)တို့၏ညီမ၊ (ဦးစောစံဒွန်း-ဒေါ်အေးနွဲ့)တို့၏ သမီးချွေးမ၊ (ဦးသက်ဖေ-ဒေါ်တင်)တို့၏သမီး၊ ဒေါ်မိုးမိုးသူ၊ ဦးလှမော်ဦး(ဒု-ဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန)-ဒေါ်တိုးတိုးသူ၊ ဦးစန်းလွင်အောင် (အငြိမ်းစား) MEC-ဒေါ်ဖြိုးဖြိုးသူတို့၏မိခင်၊ မောင်သူရိန်ထွန်း(Uniteam Marine)၊ မောင်ရဲလင်းဦး(ခေတ္တ-ကနေဒါ)၊ မောင်မြတ်ကျော်သူ(Supreme Trading Company)- ဒေါ်ပြည့်ဖြိုးသူ(IGE Company)၊ မောင်စိုးလင်းဦး(အောင်နိုင်သစ္စာကုမ္ပဏီ)၊ မောင်ဝင်းနန္ဒာ-မခိုင်သူသူအောင်(ခေတ္တ-ဂျာမနီ)၊ ဒေါက်တာထွန်းထွန်းနိုင်-မယဉ်သူသူအောင်၊ မထက်ခိုင်လှ(Myanmar Japan Center)၊ မောင်စစ်ဖြိုးအောင် B.E. Mech(TTU)တို့၏အဘွားသည် ၂၂-၉-၂၀၂၀ ရက် (အင်္ဂါနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁:၂၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ

**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မျဉ်းပြိုင်ကွင်းလမ်း၊ အမှတ် (၃၃-က)နေ ဦးဝင်းမြင့်၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးထွန်းထွန်းဦး (ငြိမ်း)-ဒေါ်ခင်မာချို၊ ဦးဝင်းနိုင်၊ ဒေါ်မြမြမိုး၊ ဦးအောင်ဆန်း-ဒေါ်နုဝါတို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြမြ အသက် (၈၀)သည် ၂၀-၉-၂၀၂၀(တနင်္ဂနွေနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းဆေးရုံကြီး၌ ကပ်ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ နိုင်ငံတော်အစီအစဉ်ဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ရက်လည်ဆွမ်းအား ၂၆-၉-၂၀၂၀ ရက်တွင် မိသားစုအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသန့်အောင်ကျော် (ခ) ကိုစီတုန်း

**အသက် (၄၇)နှစ်**

ပဲခူးမြို့၊ အမှတ်(၅)၊ မင်းလမ်းနေ၊ ဦးကျော်ဝင်း + ဒေါ်မြမြမိုး (နာယကအဖွဲ့ဝင်၊ စစ်တောင်းအသင်း) တို့၏ ချစ်လှစွာသော သားငယ်၊ ဒေါ်အိအိခင်၏ ခင်ပွန်း၊ ကိုထက်ကျော်ရဲ (ခေတ္တ- စင်္ကာပူ)၊ မအိမ့်သက်မှူးကျော်၊ မောင်ဘုန်းပြည့်လျှံကျော် တို့၏ ကျေးဇူးရှင်ဖခင် ဦးသန့်အောင်ကျော် (ခ) ကိုစီတုန်းသည် ၁၈. ၉. ၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**စစ်တောင်းအသင်း (ရန်ကုန်)**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တသုစိတ္တာဘိဝံသ

**(သ-စ-သ-အ ဓမ္မာစရိယ)(ရှေဦး)**

**သိက္ခာတော် (၃၈)ဝါ၊ သက်တော် (၅၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ပုလဲလမ်း၊ မစိုးရိမ်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ မထေရ်မြတ်သည် ၂၁-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် သံဃာများနှင့် ဆွေမျိုး၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

မစိုးရိမ်နာယကအဖွဲ့(မြောက်ဒဂုံ)

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ခင်မြင့်

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၃/၂၁၆)၊ သဇင်လမ်း၊ ဝေဘာဂီမြို့သစ်နေ (ဦးဂျွန်မေလာ)၏ ဇနီး၊ (ဦးရော်နီ)-မနော်မေဖေါ၊ (ဦးမဲလ်ကမ်)-ဒေါ်ဆစ်ဖဲမေလာ၊ ဦးဒဲရစ်မီလာ-ဒေါ်သစ်သစ်စိုးတို့၏ မိခင်၊ (ဦးမောင်ကို-ဒေါ်အုန်းတင်)တို့၏ အစ်မ၊ ဘိုဘို၊ ဂျူးဂျူး၊ မောင်မျိုးဆွေသိန်း-မချယ်ရီ၊ မဂျူးလီတို့၏ ချစ်လှစွာသော အဘွား၊ ဦးတင်ဝင်း-ဒေါ်အေးမိခိုင်၊ ဦးလှမြင့်-ဒေါ်ရွှေမိ၊ ဦးလေးမောင်တို့၏ အဒေါ်သည် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) ည ၈:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးမောင်မောင်အေး

**အသက် (၈၅)နှစ်**

**AGTI (ငြိမ်း)၊ မန္တလေး**

အမှတ် (၁၉၈)၊ လက်ဆည်ကန်ရပ်၊ (၈၄)လမ်း၊ မန္တလေးမြို့နေ (ဦးဘဦး-ဒေါ်ရီရီ)တို့၏ ချစ်လှစွာသောသားကြီး၊ ဒေါ်ခင်မကြီး၊ ဦးမောင်မောင်တင်၊ ဒေါ်ခင်မလေး-ဦးခင်မောင်၊ ဒေါ်အမာတို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်မိမိကြီး၊ ဒေါက်တာခင်မမ၊ ဒေါက်တာစန္ဒာခင်၊ ဦးခင်မောင်ဝင်း၊ ဒေါက်တာ နုနုရီ၊ ဦးခင်မောင်လင်း၊ ဦးခင်မောင်မင်းတို့၏ ချစ်လှစွာသော ဦးလေး ဦးမောင်မောင်အေးသည် ၂၀-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ငြိမ်းချမ်းစွာ အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကြာနီကန် သုသာန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Dr. ဒေါ်ခင်သန်း

**ဆမ - ၃၃၉၉**

**မြောက်ဥက္ကလာပဆေးရုံအုပ်(ငြိမ်း)**

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် (၅၃၁)၊ မာလာမြိုင်ရိပ်သာလမ်း၊ Marlarmyaing Residence Room 101 နေ (ဆန်းလိုက် ဦးပွ-ဒေါ်စိန်အိ)တို့၏ တစ်ဦးတည်းသောသမီး၊ (အငြိမ်းစား အကောက်ခွန်မင်းကြီး ဝဏ္ဏကျော်ထင် ဦးထွန်းမောင်-ဒေါ်တင်တင်ဦး)တို့၏ သမီးချွေးမ၊ ဦးအုန်းသန်း၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှလှ၏ တူမ၊ ဒေါ်မြသူဇာ (ကထိက၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်သက်ဦး (လက်ထောက်ညွှန်မှူး၊ ရေအားလျှပ်စစ်)-ဒေါ်အေးသီတာ၊ ဗိုလ်ကြီး ဉာဏ်လင်းထွန်း(ငြိမ်း)-ဒေါ်သန္တာတင်၊ ဦးမျိုးမင်းသန်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းသစ်ထွန်း (ဒဂုံ-၁)၊ မသီရိရွှေဇင် (ဒဂုံ-၁)၊ မောင်ခန့်ပြည့်စုံ (ဒဂုံ-၁)၊ မောင်ကောင်းမြတ်သက်ဦး (ILBC နေပြည်တော်)၊ မနေခြည်သက်ဦး (ILBC နေပြည်တော်)တို့၏ အဘွားသည် ၉၆ ပါးသောရောဂါဝေဒနာဖြင့် ၂၁-၉-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးဝင်းဇော်

**အသက် (၅၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကံသာကျေးရွာနေ (ဦးတင်စိုး-ဒေါ်ရင်မြိုင်)တို့၏ သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ သမိန်ထော ကျေးရွာနေ (ဦးအောင်သန်း-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဦးသိန်းဇော်-ဒေါ်လွင်ချို၊ ဦးခင်မောင်ဝင်း-(ဒေါ်စန်းစန်းသိန်း)၊ ဦးဆန်းဝင်း-ဒေါ်အေးအေးစိုး၊ ဦးဝင်းနိုင်-ဒေါ်အေးစန်းတို့၏ ညီ/မောင်၊ ဦးအောင်မိုး (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်စိုး၊ ဦးကျော်မိုးနိုင်-ဒေါ်ကြည်ပြာအေး၊ ဦးသိန်းဇော်-ဒေါ်အေးမော်၊ ဦးကျော်လွင်-ဒေါ်ဥမ္မာတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တိုက် (၂၈)၊ အခန်း (A-4)နေ ဒေါ်စန်းစန်းမိုး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစည်သူဝင်း-မခင်မို့မို့လွင်(ခ)မဂျူဂျူ၊ ကိုပြည့်ဖြိုးဝင်း၊ မောင်ဝေမိုးသက်ဇော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိန်သန်း(အုတ်ဖိုမြို့)

**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ သစ်စိမ့်ကုန်းကျေးရွာနေ (ဦးညီပု-ဒေါ်ခ)တို့၏သမီး၊ ဦးမောင်သောင်း-ဒေါ်ကြည်ဝင်း (ရန်ကုန်ထရန်စဖော်မာကုမ္ပဏီနှင့် အောင်သောင်းကုမ္ပဏီ)တို့၏မိခင်၊ ဦးထွန်းလင်းသောင်း၊ ဦးသန့်ဇင်သောင်း၊ ဒေါ်မြဟေမာသောင်းတို့၏အဘွား ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၇၆)နေ ဒေါ်စိန်သန်းသည် ၂၂-၉-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးညိုလှ

**အသက်(၈၉)နှစ်**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ ဒေသရုံး(၈)မှ ဒေါ်စပယ်ညို(SVP) တာဝန်ခံ၏ဖခင်ဖြစ်သူ ဦးညိုလှ(၈၉)နှစ်သည် ၂၂-၉-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများအားလုံး**
**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိန်သန်း(အုတ်ဖိုမြို့)

**အသက်(၈၉)နှစ်**

ရန်ကုန်ထရန်စဖော်မာကုမ္ပဏီနှင့် အောင်သောင်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌကြီး ဦးမောင်သောင်း-ဒေါ်ကြည်ဝင်းတို့၏ မိခင် ဒေါ်စိန်သန်းသည် ၂၂-၉-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ထရန်စဖော်မာကုမ္ပဏီနှင့်**
**အောင်သောင်းကုမ္ပဏီလီမိတက်ဝန်ထမ်းများ**

အနိစ္စ

သင့် သွေးဖြင့် အသက် ကယ်ပါ

# စက်တင်ဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၃၄ ဦးတွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီမှ ည (၈:၀၀) နာရီအထိ**

၁။ (၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၃၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ ဓာတ်ခွဲနမူနာ (၃၀၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၃၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၄၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၃၀) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၅) ခုနှင့်
- နေပြည်တော် အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၃၄)ခု
  စုစုပေါင်း (၂,၁၀၂) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

• COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃၄) ဦး တွေ့ရှိရပါသည်။

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ

(၂၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၃၄) ဦး | (၇,၂၉၂) ဦး |
| ဆေးရုံဆင်း | (၁၃၄) ဦး | (၂,၀၈၅) ဦး |
| သေဆုံးလူနာ | (၁) ဦး | (၁၃၀) ဦး |

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

## လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၊ ထားဝယ်တိုင်းရင်းသားများပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ နှင့် အရှိုချင်းအမျိုးသားပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၊ ထားဝယ်တိုင်းရင်းသားများပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ** နှင့် **အရှိုချင်းအမျိုးသားပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ တို့တွင် ဖော်ပြထားပါသည်။

## ရခိုင်အမျိုးသားပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၃

**ရခိုင်အမျိုးသားပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၄ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## မနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၃

**မနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## မိုင်းခတ်မြို့နယ်၌ အခြေခံအိမ်ထောင်စု ၁၄၄ စုအား ထောက်ပံ့ငွေများ ပေးအပ်



မိုင်းခတ် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား တတိယအကြိမ် ထောက်ပံ့ငွေများကို တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယမန်နေ့ နံနက်ပိုင်းက စတင်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများက မြို့ပေါ်ရပ်ကွက်(၂)ရပ်ကွက်၊ မိုင်းနှုန်း၊ ဝမ်ခုတ်၊ ဝမ်ပင်း၊ ဝမ်အွန်၊ တုံဖကော်၊ ဖာလန်ကော်၊ နောင်လုံး၊ မိုင်းကာနှင့် ပါပွန်းကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများရှိရာသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မိုင်းခတ်မြို့နယ်တွင် အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၁၄၄ စု၊ လူဦးရေ စုစုပေါင်း ၄၉၇ ဦးရှိပြီး တာဝန်ရှိသူများက အိမ်ထောင်စုများရှိရာသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မိုးဒေ(ပြန်/ဆက်)

## ချန်ပီယံမျှော်လင့်ချက်ရှိနေသည့် ဟံသာဝတီ အမှတ်ပြည့်ရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

**၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ပထမနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီ၊ စစ်ကိုင်းနှင့် Southern အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။**

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီအသင်းက ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲဆက်အနိုင်ရထားသည့် ရတနာပုံအသင်းသည် ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလဖြစ်သောကြောင့် ဟံသာဝတီအသင်း အမှားမခံဘဲ အမှတ်ပြည့်ရယူခဲ့သည်။ ဟံသာဝတီအသင်းသည် နောက်မှလိုက်ကစားခဲ့ရသော်လည်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး နှစ်ကျော့စလုံး အနိုင်ကစားခဲ့သည်။

ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး ပွဲအစပိုင်းတွင် ကစားပုံတည်မရဖြစ်နေ၍ ရတနာပုံအသင်း၏ ဖိအားပေးခြင်းခံခဲ့ရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❈



ဟံသာဝတီအသင်း တိုက်စစ်မှူး ဒိုနယ် ရတနာပုံအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးစားစဉ်။